

# ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲ နည်းဗျူဟာ

၂၀၂၄-၂၀၂၈

Burmese | မြန်မာ

# နိုင်ငံဆိုင်ရာ အသိအမှတ်ပြု မြွက်ဟချက်

NDIA သည် ဤနိုင်ငံ၏ အဘိုရင်ဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားနှင့် ကျွန်တော်တို့၏ အေဂျင်စီရုံးက စီးပွားလုပ်ငန်းဆောင်ရွက်သည့် နယ်မြေ၏ ရိုးရာပိုင်ရှင်များကို အရိုအသေပြုဂါရဝပြုပါသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့အလုပ်လုပ်သည့် ဤမြေ၏ ပိုင်ရှင်များအပြင် ၎င်းတို့၏ မျိုးရိုးစဉ်ဆက်များနှင့် ယခင်၊ ယခုနှင့် ပေါ်ပေါက်လာလတ့်သော လူကြီးသူမများကိုလည်း အရိုအသေပြုပါသည်။

NDIA သည် အဘိုရင်ဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားများ၏ တစ်မူထူးခြားသည့် ယဉ်ကျေးမှုဆိုင်ရာနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ မြေ၊ ရေ၊ ပင်လယ်တို့အပေါ် ဆက်နွယ်မှုများအပြင် ၎င်းတို့၏ လူ့ဘောင်အဖွဲ့အစည်းအပေါ် ပံ့ပိုးမှုများကို အသိအမှတ်ပြုရန် ဆုံးဖြတ်ထားပါသည်။

# အလုပ်အမှုဆောင်အရာရှိချုပ်၏ အမှာစကား

**နိုင်ငံလုံးဆိုင်ရာမသန်စွမ်းမှုအာမခံဌာန (NDIA)**

NDIA သည် မသန်စွမ်းသူဩစတြေးလျန်းအားလုံး၏ ပါဝင်မှုကို တာဝန်ယူထားပါသည်။

ဤတာဝန်ယူမှုတွင် အခရာကျသည်မှာ လူမျိုး၊ ဘာသာစကားနှင့်ရိုးရာဓလေ့ အမျိုးမျိုးကွဲပြားသည့် မသန်စွမ်းသူများအား ပံ့ပိုးကူညီပေးရာ၌ ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသောနောက်ခံများမှ NDIS ပါဝင်သုံးစွဲသူအားလုံးအတွက် အကောင်းဆုံး ကြုံတွေ့ရစေမည်မှာ ကျွန်မတို့၏ တာဝန် ဖြစ်ပါသည်။

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းထံမှ ၎င်းတို့အနေဖြင့် NDIS ကို ရယူအသုံးပြုရာတွင် စိန်ခေါ်မှုများ ရှိနေသည်ဟု ကျွန်ုပ်တို့ ကြားသိခဲ့ပါသည်။ NDIS အနေဖြင့် ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ လိုအပ်ချက်များကို အမြဲတမ်းအားဖြင့်တော့ အသိအမှတ် မပြုသည်ကိုလည်း ကျွန်ုပ်တို့ သိရှိပါသည်။ ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများရှိ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့လိုအပ်သည့် ပံ့ပိုးကူညီမှုရယူရာ၌ စဉ်ဆက်မပြတ် စိန်ခေါ်မှုများ ကြုံတွေ့နေသည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။

ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများအတွက် NDIA က ပိုမိုကောင်းမွန်သည့် ရလဒ်များကို ဆောင်ကျဉ်းပေးရန် ကျွန်ုပ်တို့ ဤယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားခြင်း နည်းဗျူဟာ ၂၀၂၄-၂၀၂၈ (နည်းဗျူဟာ)ကို ရေးဆွဲခဲ့ပါသည်။

ဤနည်းဗျူဟာကို ပူးတွဲပုံစံမှတစ်ဆင့် ရေးဆွဲခဲ့ပါသည်။ ပူးတွဲပုံစံဆိုသည်မှာ ပါဝင်သုံးစွဲသူများ၊ မိသားစုများ၊ ဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် လူမှုအစုအဖွဲ့များအား ကျွန်ုပ်တို့ နားထောင်ပြီး ၎င်းတို့ထံမှကျွန်ုပ်တို့ မှတ်သားလေ့လာသည်ဟုဆိုလိုသည်။ ဤနည်းဗျူဟာကို ရေးဆွဲရာ၌ ကျွန်ုပ်တို့သည် NDIS ပါဝင်သုံးစွဲသူများ၊ ယဉ်ကျေးမှုကွဲနှင့် မသန်စွမ်းမှု လုပ်ငန်းပိုင်းကဏ္ဍရှိ ပါဝင်ပတ်သက်သူများ၊ ဝန်ထမ်းများနှင့် ပူးတွဲလုပ်ဆောင်သူများနှင့်အတူ ပူးပေါင်းပြီး ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၏ လက်တွေ့အတွေ့အကြုံများကို အမှန်တကယ် ထင်ဟတ်ပေါ်လွင်စေမည့် နည်းဗျူဟာကို ရေးဆွဲခဲ့ပါသည်။

ဤနည်းဗျူဟာတွင် ကျွန်ုပ်တို့၏ အကောင်အထည်ဖော်မှုကို လမ်းညွှန်ပေးသည့် ဆောင်ရွက်ရမည့် အစီအစဉ်တစ်ရပ် ပါဝင်သည်။ ဤဆောင်ရွက်ရမည့်အစီအစဉ်သည် လာမည့် ၄ နှစ်အတွင်း နည်းဗျူဟာ၏ ရလဒ်များအား အောင်မြင်အောင်ဆောင်ရွက်ရာ၌ တိုးတက်မှုအခြေအနေကို စောင့်ကြည့်အကဲဖြတ်ပါမည်။ ဤဆောင်ရွက်ရမည့်အစီအစဉ်ကို ရေးဆွဲအသုံးပြုခြင်းအားဖြင့် အပြောင်းအလဲဖန်တီးရန်အတွက် ကျွန်ုပ်တို့အား အထောက်အကူပြုနိုင်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့ တာဝန်ခံပြီး ဆက်လက်၍ နားထောင်၊ မှတ်သားလေ့လာကာ

သဘောထားမှတ်ချက်များကို လက်ခံသောကြောင့် နောင်တွင် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်ပေးမည့် နည်းဗျူဟာကို ချမှတ်ပေးနိုင်ပါမည်။

ဤနည်းဗျူဟာ ရေးဆွဲခဲ့ရသည့်အလုပ်ကို ကျွန်မတို့အထူး ဂုဏ်ယူကျေနပ်မိပါသည်။ သို့သော်လည်း ကျွန်မ တင်ပြလိုသည်မှာ ကျွန်မတို့၏ ခရီးစဉ်မှာ အစသာ ရှိပါသေးသည် – ယဉ်ကျေးမှုကွဲပါဝင်သုံးစွဲသူများအတွက် ရလဒ်ကောင်းများ ပိုမိုတိုးမြှင့်ရရှိစေရန် ဆောင်ရွက်ရမည့်အလုပ်များစွာ ကျန်ရှိနေပါသေးသည်။

ကျွန်မအနေဖြင့် ပြင်ပအတိုင်ပင်ခံ အုပ်စု (External Advisory Group (EAG)) နှင့် နိုင်ငံလုံးဆိုင်ရာ တိုင်းရင်းလူမျိုးနွယ် မသန်စွမ်းမှု မဟာမိတ်အဖွဲ့ (National Ethnic Disability Alliance (NEDA))တို့ကို ကျေးဇူးတင်ပါသည်။ ပူးတွဲပုံစံနှင့် ဤနည်းဗျူဟာ ရေးဆွဲရေးလုပ်ငန်းစဉ် တစ်လျှောက် သင်တို့၏ လမ်းညွှန်မှုနှင့် အကြံပြုချက်မှာ အရေးပါပါသည်။

ရေရှည် ခိုင်မာတည်တံ့မည့်ဆက်ဆံရေးကို EAG၊ NEDA၊ လုပ်ငန်းပိုင်းကဏ္ဍဆိုင်ရာနှင့် လူမှုအသိုက်အဝန်းတို့နှင့်အတူ တည်ဆောက်နိုင်ခြင်းမှာ NDIA အတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။ ကျွန်မအနေဖြင့် နောင်လာမည့်နှစ်များစွာ အတူတကွ ပူးတွဲဆောင်ရွက်သွားမည်ဟု မျှော်လင့်ထားပါသည်။

အကယ်၍ သင်သည် သင့်အတွေ့အကြုံများကို ကျွန်မတို့အား ဝေမျှပေးခဲ့သည့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများမှ တစ်ဦးတစ်ယောက်ဖြစ်ပါက ကျွန်မ သင့်အား ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်ရှိပါသည်။ သင့်ထံမှ မှတ်သားလေ့လာရခြင်းသည် မသန်စွမ်းသည့် ဩစတြေးလျပြည်သူအားလုံးအတွက် သာတူညီမျှမှုရှိပြီး အားလုံးအတူပါဝင်ခွင့်ရှိသည်ကို သေချာစေအောင် ကျွန်မတို့ အတူပူးပေါင်းလုပ်ဆောင်နေကြသည်ဟု ဆိုလိုပါသည်။

ရီဘက်ကာ ဖော်ကင်ဟန် (Rebecca Falkingham)

အလုပ်အမှုဆောင် အရာရှိချုပ်

# ဘုတ်အဖွဲ့ဥက္ကဌ၏ အမှာစကား

**နိုင်ငံလုံးဆိုင်ရာ တိုင်းရင်းလူမျိုးနွယ် မသန်စွမ်းမှု မဟာမိတ်အဖွဲ့ (NEDA)**

ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသည့် NDIS နည်းဗျူဟာသည် ပါဝင်မှုနှင့် သာနာညီမျှမှု ပိုမိုရရှိသည့် NDIS ကို ဖော်ဆောင်ရာ၌ ကြီးမားသော သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ပါသည်။ ၎င်းသည် ပိုမိုကောင်းမွန်သည့် အနာဂတ်တည်ဆောက်ရန်အတွက် အတိတ်ဖြစ်ရပ်ကို မှတ်သားလေ့လာခြင်းနှင့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း အပေါ် NDIA ၏တာဝန်ယူခြင်းကို သက်သေထူရာရောက်ပါသည်။ ဤနည်းဗျူဟာသည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအနေဖြင့် NDIS ရယူအသုံးပြုရာတွင် ကြုံတွေ့ရသည့် အဟန့်အတားများကို စူးစမ်းလေ့လာပြီး၊ ထိုက်သင့်သလိုနှင့် အချိန်မှီ အရေးယူလုပ်ဆောင်ချက်မှတစ်ဆင့် ၎င်းအဟန့်အတား ဖြေရှင်းနည်းများကို စူးစမ်းပါသည်။

ဤနည်းဗျူဟာကို ပူးတွဲ-ပုံစံရေးဆွဲရာ၌ NEDA၏ အတွေ့အကြုံနှင့် ပါဝင်ဆောင်ရွက်မှုများကို အထောက်အထားပြုသော် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် အမှန်တကယ်ထိရောက်ပြီး အကျိုးပြုသည့် ရလဒ်ကောင်းများကို ဆောင်ရွက်ပေးခြင်းအပေါ် ဤနည်းဗျူဟာ၏ အစဉ်တစိုက် အာရုံစိုက်မှုကို ကျွန်ုပ်မ မြင်တွေ့လိုပါသည်။ နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းမှု အာမခံ ဌာန (NDIA) က တိုးတက်မှုအခြေအနေကို အမြဲစိစစ်ကာ ပြောင်းလဲနေသည့် အနေအထားများကို လက်ခံကျင့်သုံးပြီး ပေါ်ပေါက်လာသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို တုံ့ပြန်သွားရာတွင် ဤနည်းဗျူဟာအနေဖြင့် ပြောင်းလဲနိုင်သော ဆင့်ကဲ လုပ်ငန်းဖြစ်စဉ်တစ်ရပ် အဖြစ် ဆက်လက်တည်ရှိသင့်သည်။

ကျွန်ုပ်မအနေဖြင့် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများသည် ဤနည်းဗျူဟာ၏ အဓိကအခန်းကဏ္ဍ၌ အရေးအပါဆုံးအနေအထားအရ ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ပါသည်။ ၎င်းတို့၏ စဉ်ဆက်မပြတ် ပါဝင်နေမှုသည် ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သော အသိနှင့် ကျွမ်းကျင်မှုအားဖြင့် ဤနည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သေချာစေပါမည်။ NEDA ရှိ

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ NDIA ၊ ပြင်ပ အတိုင်ပင်ခံ အုပ်စု (EAG) အဖွဲ့ဝင်များနှင့် အခြားသော ပါဝင်ပတ်သက်သူများနှင့်အတူ ပြောင်းလဲချက်ကောင်းများကို ရရှိစေရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် တာဝန်ယူထားပါသည်။

မာရီယမ် ကိုစစ် (Maryanne Cosic)

ဘုတ်အဖွဲ့ဥက္ကဋ္ဌ

# မာတိကာ


| | |
|---|---|
| 1. နိဒါန်း | 8 |
| 2. ပူးတွဲပုံစံ နည်းလမ်း | 12 |
| 2.1 စီမံချက် ကွပ်ကဲမှု | 12 |
| 2.2 ပူးတွဲပုံစံ လုပ်ငန်းဖြစ်စဉ် | 13 |
| 2.3 စီမံအုပ်ချုပ်ခြင်းနှင့် အစီရင်ခံခြင်း | 20 |
| 3. ပြောင်းလဲချက်အတွက် အကြောင်းရင်းများ | 23 |
| 4. နည်းဗျူဟာ | 28 |
| 4.1 အခြေခံ အဆောက်အအုံ | 29 |
| 4.2 ဝန်ထမ်း စွမ်းဆောင်ရည် | 31 |
| 4.3 လွယ်ကူသည့် ဆက်သွယ်နည်းများ | 33 |
| 4.4 ဈေးကွက်များ | 35 |
| 4.5 အချက်အလက်များ | 37 |
| 4.6 လက်လှမ်းမမှီနေရာ | 38 |
| 5. နောက်အဆင့်များ | 41 |
| 6. နောက်ဆက်တွဲ A | 43 |
| 7. နောက်ဆက်တွဲ B | 45 |
| 8. နောက်ဆက်တွဲ C | 48 |

# 1. နိဒါန်း

ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားသည့် (CALD) လူမှုအသိုက်အဝန်းများသည် ဩစတြေးလျ လူမှုအဖွဲ့အစည်းနှင့် ကိုယ်ပိုင်လက္ခဏာတည်ရှိခြင်း၏ အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံရပ်ခြားဖွား ဩစတြေးလျနိုင်ငံသား ခန့်မှန်းခြေအားဖြင့် ၈ သန်းရှိပြီး ဩစတြေးလျနိုင်ငံ တစ်ဝန်းတွင် ဘာသာစကား ၃၀၀ ကျော်ကို ပြောဆိုကြပါသည်။[1]

ဩစတြေးလျပြည်သူအားလုံး၏ ၃၀% မှာ ယဉ်ကျေးမှုကွဲနောက်ခံမှ ဖြစ်ကြသော်လည်း နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းအာမခံ အစီအစဉ် (National Disability Insurance Scheme (NDIS)) တွင် ပါဝင်သုံးစွဲသူ ၁၀% သည်သာ ယဉ်ကျေးမှုကွဲသူများအဖြစ် တွေ့ရှိရသည်။ ယဉ်ကျေးမှုကွဲနောက်ခံရှိသူများအဖို့ NDIS အကြောင်းလေ့လာခြင်း၊ ရယူခြင်းနှင့် အသုံးပြုခြင်း တွင် ထူးခြားသော စိန်ခေါ်မှုများနှင့် အဟန့်အတားများ ရှိပါသည်။

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် ရလဒ်ကောင်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းအာမခံ ဌာန (National Disability Insurance Agency (NDIA)) သည် အသစ်ဖြစ်သော ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားခြင်း နည်းဗျူဟာ ၂၀၂၄-၂၀၂၈ (နည်းဗျူဟာ) နှင့် ဆောင်ရွက်ရမည့် အစီအစဉ် တစ်ရပ် ရေးဆွဲခြင်းကို တာဝန်ယူထားပါသည်။

ဤနည်းဗျူဟာကို ရေးဆွဲရာ၌ NDIA က ရည်မှန်းထားသည်မှာ-

- ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများအတွက် NDIS ရယူခြင်းနှင့် ပါဝင်သုံးစွဲခြင်းကို မြှင့်တင်ပေးရန်

---

[1] ဤစာတမ်းတွင် 'ယဉ်ကျေးမှုကွဲ ' ဟူသောစကားရပ်ကို ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကား ကွဲပြားသောနောက်ခံမှ လူများအဖြစ် ကိုယ်ပိုင်လက္ခဏာရှိသူ သို့မဟုတ် ပါဝင်သူများအား ရည်ညွှန်းပါသည်။ NDIA တွင် မသန်စွမ်းသည့် ပထမနိုင်ငံ့ တိုင်းရင်းသားများအတွက် ရလဒ်ကောင်းများ ပိုမိုတိုးမြှင့်ရရှိစေရေးအတွက် ပထမ နိုင်ငံတိုင်းရင်းသားဆိုင်ရာ နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့်အစီအစဉ် သီးသန့် ရှိပါသည်။

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် NDIS အစီစဉ်များ သုံးစွဲမှု ပိုမိုတိုးမြှင့်လာစေရန်
- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် လူမှုအသိုက်အဝန်းများအတွက် လုပ်ငန်းစဉ်၊ စနစ်များနှင့် ဝန်ထမ်းများအပါအဝင် NDIS အတွေ့အကြုံများကို ပိုပိုမိုတိုးမြှင့်ပေးစေရန်

ဤနည်းဗျူဟာကို ပူးတွဲပုံစံမှတစ်ဆင့် ရေးဆွဲထားခဲ့သည်။ ဤစီမံကိန်းရေးဆွဲခြင်းအဆင့်တိုင်းတွင် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ (ပါဝင်သုံးစွဲသူများအပါအဝင်)၊ ၎င်းတို့၏မိသားစုများနှင့် စောင့်ရှောက်သူများ၊ ဦးဆောင်အဖွဲ့အစည်းများ၊ မသန်မစွမ်းကိုယ်စားပြု အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ပူးတွဲပုံစံတွင် ပါဝင်နေပါသည်။

နိုင်ငံလုံးဆိုင်ရာ တိုင်းရင်းလူမျိုးနွယ် မသန်စွမ်းမှု မဟာမိတ်အဖွဲ့ (NEDA) သည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ် အကြံပေးခဲ့ပါသည်။ NDIA ကလည်း ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများအတွက် ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ရရှိစေရန်အတွက် နားထောင်ရန်၊ မှတ်သားလေ့လာရန်နှင့် ကူညီပေးရန် ပြင်ပအတိုင်ပင်ခံ အုပ်စု (EAG) ကို ဖွဲ့စည်းပေးခဲ့သည်။ EAG သည် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများနှင့် ပူးပေါင်းလုပ်ဆောင်ပြီး ၎င်းတို့ကို ကိုယ်စားပြုပေးပါသည်။

ဤနည်းဗျူဟာသည် ပူးတွဲပုံစံ ဖြစ်စဉ်မှတစ်ဆင့် ဖော်ထုတ်ခဲ့ရသည့် အဟန့်အတားများကို ဖြေရှင်းပေးရန် ရည်မှန်းထားသည်။ ဤအဟန့်အတားများမှာ-

- NDIS စနစ်များ၊ လုပ်ငန်းဖြစ်စဉ်များနှင့် ဝန်ဆောင်မှုပို့ချပုံများတွင် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများ ပါဝင်နေခြင်း မရှိကြပါ။
- NDIS ဝန်ထမ်းများနှင့် ပူးတွဲလုပ်ဆောင်သူများသည် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများ၏ ယဉ်ကျေးမှုဆိုင်ရာလိုအပ်ချက်များကို သို့မဟုတ် ထိုသူတို့နှင့်မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်ကို နားမလည်ကြပါ။
- NDIS ဆက်သွယ်ရေးနည်းလမ်းများမှာ ဆက်သွယ်ရန်မလွယ်ကူသည့်အပြင် ကျယ်ပြန့်သော ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ထည့်သွင်းထားခြင်း မရှိကြပါ။

- ယဉ်ကျေးမှုအရ သင့်မြတ်ပြီး လုံခြုံသော မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီ ဝန်ဆောင်မှုများ အကန့်အသတ်သာ ရနိုင်ပါသည်။
- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များကို တိတိကျကျ ထင်ဟတ်ပေါ်လွင်စေမည့် အချက်အလက်များ အကန့်အသတ် ရှိနေပါသည်။[2]

မသန်စွမ်းသူများအပေါ် အကြမ်းဖက်မှု၊ လျစ်လျူရှုမှု၊ မတော်မတရားပြုမှုနှင့် ခေါင်းပုံဖြတ်မှုအတွက် တော်ဝင်ကော်မရှင် (တော်ဝင်ကော်မရှင်) သည်လည်း ဤအဟန့်အတားများကို အသိအမှတ်ပြုထားသည်။ NDIS ကို '(ယဉ်ကျေးမှုကွဲနောက်ခံများမှ) လူအမြောက်အမြားအဖို့ ရယူရန် အလွန့်အလွန် ရှုပ်ထွေးသည်' ဟု တော်ဝင်ကော်မရှင်မှ တွေ့ရှိခဲ့ပါသည်။[3]

ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများသည် NDIS ရယူခွင့် သတ်မှတ်ချက်များနှင့် ကိုက်ညီရန် အခွင့်အရေး နည်းပါးကြသည်၊ ၎င်းတို့ကို ခေါင်းပုံဖြတ်ခံရရန် ဖြစ်နိုင်ခြေ ပိုမိုရှိပြီး ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များမှာ အဆိုပါစနစ်တွင် များသောအားဖြင့် သီးသန့် မရှိကြပါဟုလည်း တော်ဝင်ကော်မရှင်က တွေ့ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် NDIS ပြန်လည်သုံးသပ်မှုပြုလုပ်နေစဉ်အတွင်း NDIS ပါဝင်သုံးစွဲသူများနှင့် တွေ့ဆုံပြောဆိုပွဲများတွင်လည်း ဤစိန်ခေါ်မှုများကို ကြားသိခဲ့ရပါသည်။[4]

ဤအဟန့်အတားများကို ဖြေရှင်းပေးရန်အတွက် ဤနည်းဗျူဟာပါ ရည်မှန်းချက်များနှင့် ဆောင်ရွက်ချက်များအား ရေးဆွဲထားပါသည်။ ဤနည်းဗျူဟာကို အကောင်အထည်ဖော်ဆောင်နိုင်ပြီး ၎င်း၏တိုးတက်မှုအခြေအနေကို တိုင်းထွာစေနိုင်သည့် ဆောင်ရွက်ရမည့် အစီအစဉ်ကိုလည်း ရေးဆွဲခဲ့ပါသည်။ ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများအတွက်

---

[2] NDIS, *NDIS CALD Strategy 2023 – 2027 - Discover Phase Report*[PDF 297KB], 2022.

[3] The Royal Commission into Violence, Abuse, Neglect and Exploitation of People with Disability, *သုတေသန အစီရင်ခံစာ - ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသည့် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများရယူရန် အကောင်းဆုံး ဆောင်ရွက်ပုံသို့ ဦးတည်ချက်။*[PDF 1.786KB], 2023.

[4] NDIS Review Panel, *အစီရင်ခံစာမှ ကျွန်တော်တို့ ကြားသိခဲ့ရသည်များမှာ*, 2023.

ရလဒ်များကို တိုးမြှင့်ပေးရန် ဤနည်းဗျူဟာနှင့် ဆောင်ရွက်ရမည့်အစီအစဉ်ကို ပူးတွဲအသုံးပြုရပါမည်။

ဤနည်းဗျူဟာနှင့် ဆောင်ရွက်ရမည့်အစီအစဉ်တို့သည် NDIS ပြန်လည်သုံးသပ်ရေးနှင့် တော်ဝင်ကော်မရှင်တို့ထံမှ တွေ့ရှိချက်များ၊ အကြံပြုချက်တို့နှင့် ကိုက်ညီမှု ရှိပါသည်။

သြစတြေးလျ မသန်စွမ်းမှု နည်းဗျူဟာ ၂၀၂၁-၂၀၃၁ ရည်မှန်းချက်များနှင့်အညီ NDIS ကို အားလုံးပါဝင်မှုရှိပြီး ယဉ်ကျေးမှုအရ လိုက်လျောညီထွေသော တုံ့ပြန်လုပ်ဆောင်ပေးမှု ရှိစေရန် တည်ဆောက်ပေးရာ၌ ဤနည်းဗျူဟာနှင့် ဆောင်ရွက်ရမည့်အစီအစဉ်တို့က ပံ့ပိုးပေးပါမည်။[5]

[5] Department of Social Services, *သြစတြေးလျ မသန်စွမ်းမှု နည်းဗျူဟာ ၂၀၂၁-၂၀၃၁*, 2021.

# 2. ပူးတွဲပုံစံ နည်းလမ်း

NDIA သည် မသန်စွမ်းသူများအတွက် ရလဒ်ကောင်းများ တိုးမြှင့်ဆောင်ရွက်ပေးရန် လေးနက်ပြီး ရယူလွယ်သည့်နည်းလမ်းများဖြင့် ဆက်သွယ်ဆောင်ရွက်သွားရန် တာဝန်ယူထားပါသည်။ ဤတာဝန်ယူမှုဟု ဆိုရာတွင် ပါဝင်သုံးစွဲသူများနှင့် မိသားစုများ၏ လက်တွေ့အတွေ့အကြုံမှာ NDIS မူဝါဒအနှစ်သာရနှင့် အကောင်အထည်ဖော်မှု၏ အဓိကအခန်းကဏ္ဍတွင် ရှိနေပါသည်။

NDIA တွင် ပူးတွဲပုံစံသည် ပူးပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ၎င်းတွင် မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများကို ပုံဖော်ပေးရာတွင် မသန်စွမ်းသူများ၊ မိသားစုများ၊ စောင့်ရှောက်သူများနှင့် လုပ်ငန်းပိုင်းကဏ္ဍအဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်ပါမည်။ NEDA နှင့် EAG တို့အကြား အဓိကကျဆက်သွယ်ရေးများမှာ ဤနည်းဗျူဟာ၏ ပူးတွဲပုံစံအတွက် အရေးကြီးပါသည်။ ဤအဖွဲ့များသည် ဤနည်းဗျူဟာ ရေးဆွဲရာတွင် လမ်းညွှန်မှုနှင့် ကျွမ်းကျင်မှုတို့ကို ပံ့ပိုးပေးခဲ့ပါသည်။

## 2.1 စီမံချက် ကွပ်ကဲမှု

NEDA သည် ဤနည်းဗျူဟာ ရေးဆွဲရန် NDIA နှင့် ပူးတွဲဆောင်ရွက်ခဲ့သည်။ ၎င်းတို့သည် လုပ်ဆောင်ရန်နည်းလမ်းနှင့်ပတ်သက်၍ အကြံပြုချက်နှင့် သဘောထားမှတ်ချက် ပေးခဲ့ကြပြီး လက်တွေ့ အတွေ့အကြုံနှင့် ယဉ်ကျေးမှုကွဲသူတို့၏ သဘောထားအမြင်များကို နည်းဗျူဟာ ရေးဆွဲရေးအဆင့်တိုင်းတွင် ထည့်သွင်းထားရန် သေချာစေခဲ့သည်။

NDIA သည် ဤနည်းဗျူဟာ၏ ပူးတွဲပုံစံကို ကြီးကြပ်ပေးရန် EAG ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့ဝင်များမှာ ဩစတြေးလျတစ်ဝန်းမှ ဖြစ်ကြပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ မသန်စွမ်းသူအုပ်စုများ၊ ယဉ်ကျေးမှုကွဲ အုပ်စုများနှင့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများအပေါ် သက်ရောက်မည့် အခက်အခဲများအကြောင်း အထူးဗဟုသုတရှိသည့် အခြားသောသူများအား ကိုယ်စားပြုပါသည်။

EAG သည် အောက်ပါကိစ္စများအတွက် တာဝန်ရှိသည်-

- ပူးတွဲပုံစံနည်းများနှင့် လုပ်ဆောင်ပုံနည်းများမှာ အလွယ်တကူ ရယူနိုင်သည်ကို သေချာစေခြင်း ထို့ကြောင့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းမျိုးစုံတို့က ပါဝင်သုံးစွဲနိုင်ပါသည်
- လုပ်ဆောင်ရွက်ရမည့် လုပ်ငန်းများ စီစဉ်ရေးဆွဲရာ၌ လမ်းညွှန်ခြင်းနှင့် ပံ့ပိုးကူညီခြင်း
- NDIS ကို လူမှုအသိုက်အဝန်းများအပြင် လူတစ်ဦးချင်းနှင့် ချိတ်ဆက်ပေးခြင်း
- အပြီးသတ် နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်ကို အတည်ပြုပေးခြင်း။

EAG ၏ အဖွဲ့ဝင် အဖွဲ့အစည်းများစာရင်းကို နောက်ဆက်တွဲ A တွင် ဖော်ပြထားပါသည်။

NDIA သည် ရုံးတွင်း လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ ၎င်း၏အဖွဲ့ဝင်များတွင် NDIA ရှိ အကြီးတမ်း ပါဝင်ပတ်သက်သူများ ပါဝင်သည်။ ရုံးတွင်းလုပ်ငန်းအဖွဲ့၏ တာဝန်မှာ သက်ဆိုင်ရာအမှုကိစ္စ အကြံဉာဏ်ပေးရန် ဖြစ်သည်။ ဤအုပ်စုသည် ဤနည်းဗျူဟာ၏ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းကိုလည်း ပံ့ပိုးထောက်ကူပေးပါသည်။

## 2.2 ပူးတွဲပုံစံ လုပ်ငန်းဖြစ်စဉ်

ဤနည်းဗျူဟာကို ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ ဦးဆောင်အဖွဲ့အစည်းများ၊ မသန်မစွမ်းကိုယ်စားပြု အဖွဲ့အစည်းများ၊ လုပ်ငန်းပိုင်းကဏ္ဍ ကိုယ်စားလှယ်များ၊ အကျိုးဆောင်အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများ၊ NDIS ဝန်ထမ်းများနှင့်အတူ ပူးတွဲပုံစံပြု၍ ရေးဆွဲထားပါသည်။ ထိုပူးတွဲပုံစံ လုပ်ငန်းဖြစ်စဉ်သည် NDIA ဆက်သွယ်လုပ်ဆောင်မှု အခြေခံချက်ကို လိုက်နာကျင့်သုံးသည်။[6]

[6] NDIS, *NDIA ဆက်သွယ်လုပ်ဆောင်မှု အခြေခံချက်*, 2022.

ပူးတွဲပုံစံ လုပ်ငန်းဖြစ်စဉ်တွင် ဖြစ်စဉ်အဆင့် ၃ ဆင့်ရှိသည်။

1. **တွေ့ရှိမှုအဆင့်-** ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို နားလည်ခြင်း ပါဝင်ပါသည်။
2. **ရေးဆွဲရေး အဆင့်-** ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ပါဝင်ပတ်သက်သူများနှင့်အတူ ဖြေရှင်းချက်များကို ဖော်ထုတ်ခြင်း ပါဝင်ပါသည်။
3. **ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်ခြင်း အဆင့်-** ယဉ်ကျေးမှုကွဲ နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်ကို ဆောင်ရွက်ခြင်း၊ ပြီးနောက် လာမည့် ၄ နှစ်အတွင်း ရလဒ်များစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။

## တွေ့ရှိမှုအဆင့်

တွေ့ရှိမှုအဆင့်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အစပြုခဲ့သည်။ တွေ့ရှိမှုအဆင့်၏ ရည်ရွယ်ချက်မှာ ယဉ်ကျေးမှုကွဲ နောက်ခံများမှလူများ NDIS ကို ရယူသည့်အခါနှင့် အသုံးပြုသည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကိုနားလည်ရန် ဖြစ်ပါသည်။ ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ ၎င်းတို့၏မိသားစုများ၊ ၎င်းတို့၏စောင့်ရှောက်သူများနှင့် EAG တို့၏ တွေ့ဆုံဆွေးနွေးပွဲ ၂ ပွဲ၊ အထူးရည်မှန်းချက်အုပ်စု ၆ စုနှင့် တစ်ဦးချင်းဆွေးနွေးမှု ၁၂ ကြိမ်ကို ကျင်းပခဲ့ပါသည်။

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် စကားပြောပွဲများတွင် အမြဲ ကြားသိခဲ့ရသည့် စိန်ခေါ်မှုများကို ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများအဖြစ် အုပ်စုခွဲထားပါသည်။ ဤနည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ် ရည်မှန်းချက်များအနေဖြင့် ဤဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများကိုဖြေရှင်းပေးမည်ကို သေချာစေရန် NDIA နှင့် NEDA တို့သည် အတူပူးပေါင်း၍ နီးနီးကပ်ကပ် လုပ်ကိုင်ပေးခဲ့ပါသည်။

NEDA နှင့် EAG တို့သည် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများနှင့် ရည်မှန်းချက်ပန်းတိုင်များကို သဘောတူညီခဲ့သည်။ ယင်းနောက် ဤသဘောတူညီချက်များကို EAG မှတဆင့် ၂၀၂၂ ခုနှစ် အစောပိုင်း၌ နှီးနှောပွဲများနှင့် ဆွေးနွေးပွဲ အမျိုးမျိုးတို့တွင် လက်ဆင့်ကမ်းဝေမျှပေးခဲ့သည်။ ၂၀၂၂

ခုနှစ် တွေ့ရှိချက်အစီရင်ခံစာတွင် ဤဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများကို ထုတ်ပြန်ပေးခဲ့ပြီး၊ ဤနည်းဗျူဟာစာတမ်း အခန်း ၃ တွင် ပါရှိပါသည်။[7]

### ရေးဆွဲရေး အဆင့်

ရေးဆွဲရေး အဆင့်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတွင် ရည်မှန်းချက်များအတွက် ဆောင်ရွက်ချက်များနှင့် ဖြေရှင်းချက်များ ဖော်ထုတ်ခြင်း ပါဝင်သည်။ တွေ့ရှိမှုအဆင့်၌ ဖော်ထုတ်ခဲ့သော စိန်ခေါ်မှုများအတွက် လက်တွေ့ကျကျ ဖြေရှင်းချက်များ သို့မဟုတ် အကောင်းဆုံးရလဒ်များ ဖြစ်ထွန်းရေးအပေါ် အလေးထားအာရုံပြုရန် လူအများအား ဤရေးဆွဲရေးအဆင့်တွင် တောင်းဆိုခဲ့ပါသည်။

NDIA သည် ယဉ်ကျေးမှုကွဲနောက်ခံများမှ လူများအပြင် မိသားစုများ၊ စောင့်ရှောက်သူများနှင့် ယဉ်ကျေးမှုကွဲလုပ်ငန်းပိုင်းကဏ္ဍတို့ဖြင့် လူပေါင်း ၈၀၀ ကျော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဆက်သွယ်ရေးပွဲများနှင့် လုပ်ရှားဆောင်ရွက်မှုများပေါင်းစုံ ကျင်းပပေးခြင်းမှာ NDIA အတွက် အရေးကြီးပါသည်။ ဤသို့ဖြင့် NDIS ကို ပိုမိုတိုးမြှင့် လုပ်ဆောင်ပေးရန်အတွက် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၏ အတွေ့အကြုံများနှင့် အကြံဉာဏ်များ တင်ပြပေးရန် ၎င်းတို့အား ထောက်ခံပေးသည်ဟု စိတ်ခံစားရရန် သေချာစေပါသည်။

ဆက်သွယ်ရေးနည်းများမှာ-

- ဆွေးနွေးဟောပြော အုပ်စုများ
- ရပ်ကွက်တွင်း တွေ့ဆုံစကားပြောပွဲများ
- နိုင်ငံလုံးဆိုင်ရာ ပါဝင်ပတ်သက်သူများ ဆက်သွယ်ရေး အစည်းအဝေးများ
- အများပြည်သူဆိုင်ရာ ဟောပြောပွဲများ။

---

[7] NDIS, [NDIS CALD နည်းဗျူဟာ ၂၀၂၂-၂၀၂၃ - တွေ့ရှိမှုအဆင့် အစီရင်ခံစာ](#)[PDF 297KB], 2022.

တွေ့ရှိချက်အဆင့်အတွင်း ဆက်သွယ်ခဲ့သည့် တစ်ဦးချင်းနှင့် အဖွဲ့အစည်းများသည် မသန်စွမ်းမှုအမျိုးအစား ၊ ယဉ်ကျေးမှုကွဲနောက်ခံများ၊ နယ်မြေဒေသများနှင့် အသက်အရွယ် အမျိုးမျိုးကို ကိုယ်စားပြုထားကြပါသည်။ ကိုယ်စားပြုခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ လူအုပ်စုများမှာ-

- အသစ်နှင့် ပေါ်ပေါက်နေဆဲ ယဉ်ကျေးမှုနှင့် ဘာသာစကား အုပ်စုများ (ဩစတြေးလျ၌ မကြာသေးမီက ရောက်ခဲ့သည့် သို့မဟုတ် အခြေချသည့် လူအုပ်စုများ)
- လူသားချင်းစာနာမှုအရ ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များ
- စွံ့အ၊ စွံ့အမျက်မမြင် နှင့် နားကြားအခက်အခဲရှိသည့် လူမှုအသိုက်အဝန်းများ
- ယဉ်ကျေးမှုစုံ လူငယ် အသိုင်းအဝိုင်း။

တွေ့ဆုံခဲ့သည့် ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ လူအုပ်စုများစာရင်းအပြည့်အစုံကို နောက်ဆက်တွဲ B တွင် ကြည့်ရှုပါ။

## ဆွေးနွေးဟောပြော အုပ်စုများ

ဆွေးနွေးဟောပြောအုပ်စုများကို ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် စတင်ခဲ့သည်။ ဤအဖွဲ့များသည် တွေ့ရှိမှုအဆင့်၌ သဘောတူညီခဲ့သည့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများနှင့်စပ်လျဉ်းသည့် ခေါင်းစဉ် ၆ ခုကို ခြုံငုံဆောင်ရွက်ခဲ့သည်။

ဆွေးနွေးဟောပြောအုပ်စုတစ်ခုစီကို EAG အဖွဲ့ဝင်တစ်ဦးက ပူးတွဲဦးဆောင်ပြီး ဟောပြောပွဲကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ မိသားစုများ၊ စောင့်ရှောက်သူများ၊ လုပ်ငန်းပိုင်းကဏ္ဍ ကိုယ်စားလှယ်များနှင့် NDIA မှ သက်ဆိုင်ရာ အမှုကိစ္စ ကျွမ်းကျင်သူများက တက်ရောက်ခဲ့ကြသည်။

စုစုပေါင်း လူ ၃၈ ဦး ဆွေးနွေးဟောပြောအုပ်စု ၆ စုသို့ တက်ရောက်ခဲ့ကြသည်။ အုပ်စုတစ်ခုစီသည် စုစုပေါင်း ၃ ကြိမ်စီ တွေ့ခဲ့ကြသည်။

ဆွေးနွေးဟောပြောအုပ်စုများ၏ ရည်မှန်းချက်မှာ တွေ့ရှိမှုအဆင့်မှ ချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်ရန်အတွက် ဆောင်ရွက်ချက်များနှင့် ဖြေရှင်းချက်များကို ဆွေးနွေးနှီးနှောရန် ဖြစ်ပါသည်။

## ရပ်ကွက်တွင်း တွေ့ဆုံစကားပြောပွဲများ

ရပ်ကွက်တွင်း တွေ့ဆုံစကားပြောပွဲများကို ၂၀၂၃ ခုနှစ်အစဦးပိုင်းတွင် ကျင်းပခဲ့ပါသည်။ ၎င်းတို့သည် တရားဝင်မဟုတ်ဘဲ အများစုမှာ ယဉ်ကျေးမှုကွဲ လူထုလူတန်းစားများမှ မသန်စွမ်းသူများဖြင့် လူချင်းတွေ့ဆုံစုဝေးပွဲများ ဖြစ်ကြပါသည်။

စကားပြောပွဲများကို အုပ်စုနှင့် လက်ရှိဆက်ဆံရေးရှိခဲ့ကြသည့် အများယုံကြည်ရသော အဖွဲ့ဝင်က ကြီးမှူးကျင်းပခဲ့သည်။ ဤစကားပြောပွဲများ၏ ရည်ရွယ်ချက်မှာ NDIS အနေဖြင့် သမားရိုးကျအားဖြင့် ကောင်းမွန်စွာ ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသည့်လူများနှင့် အွန်လိုင်းပေါ်မှ ဆက်သွယ်ရန် ဖြစ်နိုင်ခြေ နည်းပါးသူများထံမှ ပြောဆိုသံကို ကြားသိရန် ဖြစ်ပါသည်။

ခန့်မှန်းခြေ စုစုပေါင်း လူ ၁၅၀ နိုင်ငံအနှံ့ကျင်းပသည့် စကားပြောပွဲ ၁၅ ခုတွင် တက်ရောက်ပြောဆိုကြပါသည်။ ဤစကားပြောပွဲများ၌ NDIA ၏အခန်းကဏ္ဍမှာ နားထောင်ရန်ဖြစ်ပါသည်။

စကားပြောပွဲအများအပြားမှာ ၎င်းတို့၏ဘာသာစကားဖြင့် ပြောဆိုကြသည်။ ဤကိစ္စ၌ ပြောဆိုသူကို မဖော်ထုတ်ဘဲ ပြောဆိုချက်များကို အင်္ဂလိပ်စာဖြင့် နောင်အချိန်တွင် ဘာသာပြန်ဆိုခဲ့သည်။ စကားပြောဆိုပွဲများတွင် ဆွေးနွေးဟောပြောအုပ်စုများ၌ ဆွေးနွေးခဲ့သည့် လေ့လာချက်များနှင့် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထပ်မံဆွေးနွေးခြင်းကို ထည့်သွင်းခဲ့သည်။ ဤသို့ဖြင့် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ မိသားစုများနှင့် ၎င်းတို့၏စောင့်ရှောက်သူများ အရေးအတွက်ကြီးကြီးမားမားများ၏ လိုအပ်ချက်များကို လုပ်ငန်းဆောင်ရွက်မှုများက ထင်ဟတ်လုပ်ဆောင်ခဲ့သည်ကို သေချာစေပါသည်။

## ဟောပြောပွဲများ

အများပြည်သူအတွက် အွန်လိုင်းဟောပြောပွဲများကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပေးခဲ့သည်။ ဤဟောပြောပွဲများအတွင်း NDIA သည် ဆွေးနွေးဟောပြောအုပ်စုများနှင့် ရပ်ကွက်တွင်း တွေ့ဆုံစကားပြောပွဲများမှ တွေ့ရှိချက်များကို တင်ပြခဲ့သည်။ ဤဟောပြောပွဲများသည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် NDIS က မည်သို့တိုးမြှင့်ပေးနိုင်ပုံကို အလေးထားခဲ့ကြသည်။

တက်ရောက်လာသူများမှာ ဩစတြေးလျတစ်ဝန်းမှ အများပြည်သူများ ဖြစ်ကြပါသည်။ ၎င်းတို့မှာ ယဉ်ကျေးမှုနှင့် ဘာသာစကား နောက်ခံအမျိုးမျိုးတို့မှဖြစ်ကြပြီး မသန်စွမ်းမှုနှင့်ပတ်သက်၍ လက်တွေ့အတွေ့အကြုံ ရှိကြပါသည်။

မိမိတို့၏ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် အတွေ့အကြုံများကို အီးမေးလ်၊ စစ်တမ်း သို့မဟုတ် စာရေးပေးပို့ခြင်းတို့မှတစ်ဆင့် တင်ပြပေးကြရန် တက်ရောက်လာသူများအား တိုက်တွန်းခဲ့သည်။

ခန့်မှန်းခြေအားဖြင့် လူ ၅၀၀ ဟောပြောပွဲ ၃ ခုသို့ တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာကြသူများသည် စစ်တမ်းဖြေဆိုခြင်း၊ အီးမေးလ်ပို့ခြင်းနှင့် စာပို့ခြင်းတို့မှတစ်ဆင့် တင်ပြမှု ၁၄၀ ကို တင်ပြခဲ့ကြသည်။

ဟောပြောပွဲကို ဝန်ဆောင်မှုပေးသူများအတွက်လည်း ကျင်းပပေးခဲ့သည်။ ဤဟောပြောပွဲကို နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ (NDS) မှ ကြီးမှူးကျင်းပပေးခဲ့သည်။ ဤဟောပြောပွဲသည် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် NDIS က မည်သို့လုပ်ဆောင်ပေးပုံ၊ ဝန်ဆောင်မှုပေးသူများ၏အခက်အခဲများနှင့် ဖြေရှင်းချက်များကို အလေးထားခြင်းတို့ကို ဆွေးနွေးခဲ့သည်။

## နိုင်ငံလုံးဆိုင်ရာ ပါဝင်ပတ်သက်သူ ပါဝင်လုပ်ဆောင်မှု

NDIA သည် ၂၀၂၂ ခုနှစ်တွင် အဖွဲ့အစည်းအမြောက်အမြားအား သဘောထားမှတ်ချက်ကို စာရေးသား၍ဖြစ်စေ သို့မဟုတ် တစ်ဦးချင်း သီးသန့်ဆွေးနွေးမှုများဖြင့်ဖြစ်စေ တင်ပြရန် ဖိတ်ခေါ်ခဲ့သည်။

တစ်ဦးချင်းသီးသန့် ဆွေးနွေးပွဲများကို ဩစတြေးလျတစ်ဝန်း ယဉ်ကျေးမှုကွဲ လူထုလူတန်းစားများအားကိုယ်စားပြုအဖွဲ့အစည်း ခန့်မှန်းခြေ ၂၀ ဖြင့် ကျင်းပပေးခဲ့သည်။ ဤဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် အဖွဲ့အစည်းများစာရင်းကို [နောက်ဆက်တွဲ B](#) တွင် တွေ့ရှိနိုင်ပါသည်။

## ၂၀၂၃ ယဉ်ကျေးမှုကွဲ ညီလာခံ

အားလုံးပါဝင်သည့် ဆောင်ရွက်မှုများမှတစ်ဆင့် ပူးတွဲပုံစံပြုလိုက်သည့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ချက်များကို EAG က ၂၀၂၃ ခုနှစ် ယဉ်ကျေးမှုကွဲ ညီလာခံတွင် စစ်ဆေးခဲ့သည်။

ဤယဉ်ကျေးမှုကွဲ ညီလာခံ၏ ရည်ရွယ်ချက်မှာ အဆိုပြုထားသည့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ချက်များကို ဆွေးနွေး၊ ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်အောင် လုပ်ရန်ဖြစ်ပြီး ပိုမိုတိုးမြှင့်လုပ်ဆောင်ရန်လိုသည့် ဟာကွက်များ သို့မဟုတ် နေရာများကို ဖော်ထုတ်ရန် ဖြစ်ပါသည်။

## EAG ၏ နည်းဗျူဟာအား အတည်ပြုထောက်ခံချက်

EAG သည် အပြီးသတ် နည်းဗျူဟာနှင့် ဆောက်ရွက်ရမည့်အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် အွန်လိုင်းစည်းဝေးပွဲ၌ အတည်ပြုထောက်ခံခဲ့သည်။

EAG က ထောက်ခံလိုက်သည်မှာ-

- နည်းဗျူဟာ စီမံအုပ်ချုပ်ပုံ
- နည်းဗျူဟာအား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း အစီအစဉ်
- ၎င်းတို့၏ ဆက်လက်လုပ်ဆောင်နေရမည့် ဝတ္တရား။

### ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်ခြင်း အဆင့်

ပူးတွဲပုံစံပြု လုပ်ငန်းစဉ်၏ အပြီးသတ်အဆင့်မှာ ယဉ်ကျေးမှုကွဲ နည်းဗျူဟာသစ်ကို ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ဖြစ်ပါသည်။

ဆောင်ရွက်ရမည့်အစီအစဉ်မှာ ဤနည်းဗျူဟာနှင့် ဒွန်တွဲလျက် ရှိပါသည်။ ဆောင်ရွက်ရမည့်အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်သည်ကိုသေချာစေရန် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း ရှိပါမည်။ ဆောင်ရွက်ရမည့်အစီအစဉ်တွင် အကဲဖြတ်ရမည့်နည်းကို သတ်မှတ်ပေးထားသည်။ NDIA သည် ပူးတွဲပုံစံပြုရန် တာဝန်ယူထားသည်။ ၎င်းက စီမံကိန်းဆောင်ရွက်ခြင်းနှင့် အကဲဖြတ်ခြင်း ပြုလုပ်ရန်ကိုလည်း တာဝန်ယူထားပါသည်။ ဤတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် NDIS အနေဖြင့် ယဉ်ကျေးမှုကွဲ လူထုလူတန်းစားများကို ပိုမိုနားလည်နိုင်မည်၊ လိုသလိုတုံ့ပြန်ပေးနိုင်မည့်အပြင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

## 2.3 စီမံအုပ်ချုပ်ခြင်းနှင့် အစီရင်ခံခြင်း

နည်းဗျူဟာ ရည်မှန်းချက်များကို အောင်မြင်စေရန် ရှင်းလင်းသော စီမံအုပ်ချုပ်မှုနှင့် တာဝန်ခံမှုပုံစံများကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းတွင် ဆောင်ရွက်ချက်များကို ပွင့်လင်းမြင်သာပြီး စဉ်ဆက်မပြတ် အစီရင်ခံခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ပါဝင်သည်။ ဤသို့ဖြင့် စီမံကိန်းအကောင်အထည်ဖော်ရန် အထောက်အကူပေးပါမည်။ ၎င်းသည် EAG ၊ ယဉ်ကျေးမှုကွဲ လုပ်ငန်းပိုင်းကဏ္ဍနှင့် လူထုလူတန်းစားများက စဉ်ဆက်မပြတ် သဘောထားမှတ်ချက် ရရှိနေမည်ကိုလည်း သေချာစေပါမည်။

## စီမံအုပ်ချုပ်မှု

နည်းဗျူဟာ အစီရင်ခံခြင်းဆိုင်ရာနှင့် စောင့်ကြည့်ခြင်းဆိုင်ရာ နည်းလမ်းသည် ဗဟိုအစိုးရ အကဲဖြတ်မှုဆိုင်ရာ မူဝါဒကို လိုက်နာပါသည်။ ၎င်းတွင် အချက်အလက်စုဆောင်းခြင်းနှင့် တိုးတက်မှုအခြေအနေကို စောင့်ကြည့်ခြင်း ပါဝင်သည်။[8]

နည်းဗျူဟာ ပူးတွဲပုံစံပြုခြင်းနှင့် ရေးဆွဲခြင်းတွင် ပါဝင်ကြသည့် EAG အဖွဲ့ဝင်များသည် စီမံကိန်းအား အကောင်အထည်ဖော်ပုံနှင့် အကဲဖြတ်ပုံကို ဆောင်ရွက်ရာ၌လည်း ပါဝင်ကြပါမည်။ ၎င်းတို့တွင် တာဝန်ရှိသည်မှာ-

- ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများ၏ ပြောဆိုချက်များနှင့် လိုအပ်ချက်များကို တင်ပြပေးခြင်း
- နည်းဗျူဟာ အကောင်အထည်ဖော်ခြင်းကို ပံ့ပိုးနိုင်ရန်အတွက် သတင်းအချက်အလက်များနှင့် အကြံဉာဏ်ပေးခြင်း
- တိုးတက်မှုများနှင့် ပြင်ဆင်ရမည့်ကိစ္စတို့နှင့်ပတ်သက်၍ သုံးသပ်ခြင်းနှင့် သဘောထားမှတ်ချက်ပေးခြင်း။

EAG အတွက် ဤတာဝန်များနှင့် မျှော်လင့်ထားသည်များကို ပြင်ဆင်ထားသော လုပ်ငန်းတာဝန် သတ်မှတ်ချက်များတွင် ဖော်ပြထားသည်။ ၎င်းကို EAG က အတည်ပြုထောက်ခံထားသည်။

နည်းဗျူဟာ အကောင်အထည်ဖော်ရာ၌ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ မသန်စွမ်းမှု အုပ်စုများ၊ ဦးဆောင် အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုကွဲသူများ၏ အခက်အခဲအကြောင်း ဗဟုသုတ ရှိသူများက ပါဝင်စေရန်အတွက် EAG က လုပ်ဆောင်ပါမည်။

NDIA ရုံးတွင်း လုပ်ငန်းအဖွဲ့ကလည်း နည်းဗျူဟာအကောင်အထည်ဖော်ခြင်းကို ကူညီပေးပါမည်။ ဤအဖွဲ့သည် နည်းဗျူဟာ၏ လုပ်ဆောင်ချက်များနှင့်တိုက်ဆိုက်စစ်ဆေး၍ တိုးတက်မှုအခြေအနေ

[8] Department of the Treasury, *ဗဟိုအစိုးရ အကဲဖြတ်မှုဆိုင်ရာ မူဝါဒ*, 2021.

အပေါ် ဆုံးဖြတ်ချက်ချခြင်းများ၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ခန့်မှန်းအကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် တာဝန်ရှိပါသည်။

## အစီရင်ခံခြင်းနှင့် စောင့်ကြည့်ခြင်း

တိုးတက်မှုအခြေအနေကို တင်ပြရန်အတွက် EAG ၊ ယဉ်ကျေးမှုကွဲလုပ်ငန်းပိုင်းကဏ္ဍနှင့် လူထုလူတန်းစားများသို့ NDIA က နောက်ဆုံးသတင်းများကို ပုံမှန် ပေးပါမည်။ ၎င်းတွင်ပါဝင်သည်မှာ-

- နည်းဗျူဟာ၏ ဆောင်ရွက်ချက်များ၊ ရလဒ်များနှင့်ပတ်သက်သည့် တိုးတက်မှုအခြေအနေ ပြသသော **နှစ်စဉ် တိုးတက်မှုအစီရင်ခံစာများ** ဤအစီရင်ခံစာများတွင် တိုးတက်မှု ခန့်မှန်းအကဲဖြတ်ခြင်းနှင့်ပတ်သက်၍ နောက်ဆုံးသတင်းများ ပါဝင်သည်။ ၎င်းတို့ကို NDIS ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သွားပါမည်။
- ဆောင်ရွက်ချက် တစ်ခုစီနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေ ပြသသော **နှစ်လယ်- တိုးတက်မှု နောက်ဆုံးသတင်းများ** ဤနောက်ဆုံးသတင်းကို EAG သို့ တင်ပြပေးပါမည်။

ဤနည်းဗျူဟာနှင့် ဆောက်ရွက်ရမည့် အစီအစဉ်သည် အချိန်နှင့်တစ်ပြေးညီလိုက်ဖက်နေပြီး ယဉ်ကျေးမှုကွဲ လူထုလူတန်းစားများ၏ လိုအပ်ချက်များနှင့် ဆက်လက်ကိုက်ညီနေသည်ကို သေချာနေစေရန် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ EAG နှင့် ယဉ်ကျေးမှုကွဲ လုပ်ငန်းပိုင်းကဏ္ဍတို့က ဆက်လက် သဘောထားမှတ်ချက် တင်ပြပေးပါမည်။ ထို့ကြောင့် ဤသဘောထားမှတ်ချက်ကို ထင်ဟတ်စေမည့် ဆောင်ရွက်ချက်များ၊ ရလဒ်များနှင့် ညွှန်ပြချက်များကို ပြင်ဆင်ပေးနိုင်ပါမည်။ ထိုပြင်ဆင်ချက်များကို နှစ်စဉ် အစီရင်ခံစာများနှင့် တိုးတက်မှုပြ နောက်ဆုံးသတင်းများတွင် အသေးစိတ် ဖော်ပြပေးပါမည်။

ဆောင်ရွက်ရမည့် အစီအစဉ်- ရေတို၊ အလယ်အလတ် ၊ ရေရှည် ဆောင်ရွက်ချက် တစ်ခုစီအတွက် ရလဒ်များနှင့် တိုးတက်မှုတိုင်းထွာချက်များကို တင်ပြထားသည်။

# 3. ပြောင်းလဲချက်အတွက် အကြောင်းရင်းများ

ပူးတွဲပုံစံ လုပ်ငန်းဖြစ်စဉ် အစဦးပိုင်းတွင် ဆွေးနွေးဟောပြောအုပ်စု၊ အဖွဲ့လိုက်ဆွေးနွေးပွဲများနှင့် တစ်ဦးချင်း ဆွေးနွေးပွဲ အများအပြားကို ယဉ်ကျေးမှုကွဲပါဝင်သုံးစွဲသူများ၊ မိသားစုများ၊ စောင့်ရှောက်သူများနှင့် ကျင်းပပေးခဲ့သည်။ ပါဝင်တက်ရောက်ခဲ့သူများသည် NDIS ရယူစဉ်နှင့် အသုံးပြုစဉ် ၎င်းတို့ ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို တင်ပြခဲ့ကြသည်။

အများဆုံး ကြားခဲ့ရသည့် စိန်ခေါ်မှုများကို တွေ့ရှိမှုအဆင့် အစီရင်ခံစာတွင် တွေ့ရှိနိုင်ပါသည်။[9] ဤအစီရင်ခံစာကို EAG က ပံ့ပိုးပေးထားပြီး အတည်ပြုထားပါသည်။

စိန်ခေါ်မှုများကို ဦးစားပေးဆောင်ရွက်ရမည့် နေရာများအဖြစ် အုပ်စုဖွဲ့ထားသည်။

## ဦးစားပေးဆောင်ရွက်ရမည့် နေရာ ၁- အခြေခံ အဆောက်အအုံ

NDIS မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များသည် ပါဝင်သုံးစွဲသူအားလုံး၏ ယဉ်ကျေးမှုနှင့် ဘာသာစကားလိုအပ်ချက်များကို ထင်ဟပ်ထားခြင်း မရှိပါ။

စိန်ခေါ်မှုများမှာ-

- ဩစတြေးလျ၏ မသန်စွမ်းမှုစနစ်နှင့် NDIS အကြောင်းသည် နားလည်ရခက်ခဲပြီး အသုံးပြုရန် ခက်ခဲပါသည်။
- NDIS စနစ်များနှင့် လုပ်ငန်းဖြစ်စဉ်များသည် ယဉ်ကျေးမှုကွဲ လူထုလူတန်းစားအတွင်းရှိ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ၊ မသန်စွမ်းမှုနှင့် မိသားစု အခန်းကဏ္ဍ နားလည်မှုတို့ကို အသိအမှတ် မပြုပါ။

[9] NDIS, *NDIS CALD Strategy 2023–2027 - Discover Phase Report* [PDF 297KB], 2022.

## ဦးစားပေးဆောင်ရွက်ရမည့် နေရာ ၂- ဝန်ထမ်း စွမ်းဆောင်ရည်

NDIS ဝန်ထမ်းများနှင့် ပူးတွဲလုပ်ဆောင်သူများသည် ယဉ်ကျေးမှုအားလုံးအတွက် လုံခြုံပြီး အားလုံးပါဝင်နိုင်သည့် ဝန်ဆောင်မှုများကို တစ်သမတ်တည်း ဆောင်ရွက်ပေးခြင်း မရှိပါ။

စိန်ခေါ်မှုများမှာ-

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ၎င်းတို့အဆိုပြုထားသူများ၊ မိသားစုများနှင့် စောင့်ရှောက်သူများခသည် NDIS ကိုရယူသုံးစွဲခွင့် မရရှိကြသည်သာမက ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို နားလည်သည့် သို့မဟုတ် ထိရောက် လုံခြုံ လေးနက်သော နည်းလမ်းဖြင့် ဝန်ဆောင်ပေးသည့် ပူးပေါင်းလုပ်ဆောင်သူဝန်ထမ်းကို မရနိုင်ကြပါ။

## ဦးစားပေးဆောင်ရွက်ရမည့် နေရာ ၃- ရယူလွယ်သော ဆက်သွယ်နည်းများ

NDIA က ဖြန့်ဝေသည့် သတင်းအချက်အလက်များမှာ ယဉ်ကျေးမှု အားလုံးနှင့် ဘာသာစကား အားလုံးအတွက် နားလည်ရန် မလွယ်ကူပါ။

စိန်ခေါ်မှုများမှာ-

- NDIS အကြောင်း ဖြန့်ဝေထားသော ဆက်သွယ်နည်းလမ်းများမှာ ရှုပ်ထွေးပါသည်။ ဘာသာပြန်ဆိုထားသည့်တိုင် ၎င်းတို့မှာ ယဉ်ကျေးမှုကွဲလူထုလူတန်းစားများ၏ လိုအပ်ချက်များနှင့် အမြဲတမ်းတော့ မကိုက်ညီပါ။
- လျှောက်ထားသူများနှင့် ပါဝင်သုံးစွဲသူများအား NDIS ဝန်ထမ်းများနှင့် ပူးတွဲလုပ်ဆောင်သူများ၏ ဆက်သွယ်နည်းလမ်းများမှာ အကန့်အသတ်ရှိသောကြောင့် ယဉ်ကျေးမှုကွဲလူထုလူတန်းစားများ လိုအပ်သည့် ဆက်သွယ်နည်း သို့မဟုတ် ဆက်သွယ်လိုသည့်နည်း အမြဲလိုလို မဟုတ်ကြပါ။

## ဦးစားပေးဆောင်ရွက်ရမည့်နေရာ ၄- ဈေးကွက်များ

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ လိုအပ်ချက်များနှင့်ကိုက်ညီမည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ လုံလုံလောက်လောက် မရှိပါ။

စိန်ခေါ်မှုများမှာ-

- ဝန်ဆောင်မှုများကို ဖော်ထုတ်ရန်နှင့် ရွေးချယ်ရန် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအား ပံ့ပိုးမပေးကြပါ။
- ယဉ်ကျေးမှုအရ တိကျ၊ တုံ့ပြန်ပေးပြီး လုံခြုံသော ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် ဝန်ဆောင်မှုပေးသူများအား ကူညီထောက်ပံ့မှု မပေးကြပါ။

## ဦးစားပေးဆောင်ရွက်ရမည့်နေရာ ၅- အချက်အလက်များ

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ၎င်းတို့လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ပိုမိုနားလည်စေရန် NDIA က အသုံးပြုသည့် အချက်အလက်များမှာ ပိုမိုကောင်းမွန်ရန် လိုအပ်ပါသည်။

စိန်ခေါ်မှုများမှာ-

- NDIS က အသုံးပြုသည့် 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်သတ်မှတ်ချက်မှာ ယဉ်ကျေးမှုကွဲ ဘာသာစကားမတူသော နောက်ခံများမှလူများကို အတိအကျ ကိုယ်စားပြုရန် ကျယ်ကျယ်ပြန့်ပြန့် လုံလောက်မှု မရှိပါ။ ၎င်းတွင် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ပင်ကိုယ်လက္ခဏာများ အပြည့်အစုံ မပါဝင်ပါ။
- ပါဝင်ပတ်သက်သူများသည် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့်ပတ်သက်၍ အများရရှိနိုင်သော NDIS အချက်အလက်များရှိကြောင်းနှင့် ဤအချက်အလက် အသုံးပြုပုံကို မသိရှိကြပါ။

ပထမ ဦးစားပေးဆောင်ရွက်ရမည့်နေရာ ၅ ခုသည် ရေးဆွဲရေးအဆင့်အတွင်း ယဉ်ကျေးမှုကွဲလူထုလူတန်းစားများနှင့်ပြုလုပ်သည့် ဆွေးနွေးပွဲများနှင့် ဆက်သွယ်ဆောင်ရွက်မှုကို ကူ၍လမ်းညွှန်ပေးခဲ့ပါသည်။

ခြောက်ခုမြောက် ဦးစားပေးဆောင်ရွက်ရမည့်နေရာ 'လက်လှမ်းမမီရာနေရာ' ကို ရေးဆွဲရေးအဆင့်၌ ဆက်သွယ်ဆောင်ရွက်စဉ် ထည့်သွင်းခဲ့ပါသည်။

ဤဦးစားပေးဆောင်ရွက်ရမည့်နေရာကို NDIS အကြောင်း လေ့လာနေသေးသည့် သို့မဟုတ် NDIS အကြောင်း မသိသေးသည့် ယဉ်ကျေးမှုကွဲသူများအား NDIS အနေဖြင့် ပိုမိုပံ့ပိုးပေးလိုကြောင်း အကြံပြုချက်တောင်းခံစဉ် ရရှိသည့် သဘောထားမှတ်ချက်ကို တုံ့ပြန်သောအနေဖြင့် ထည့်သွင်းထားခဲ့သည်။

## ဦးစားပေးဆောင်ရွက်ရမည့်နေရာ ၆- ရပ်ဝေးဒေသ

ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် လူမှုလူတန်းစားများမှ လူအားလုံး NDIS သို့ လက်လှမ်းမီနိုင်သော နှင့် ချိတ်ဆက်နိုင်သော ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများ အကန့်အသတ်ရှိပါသည်။

စိန်ခေါ်မှုများမှာ-

- ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူ အမြောက်အမြားအား NDIS ရနိုင်ခွင့် သတ်မှတ်ချက်များနှင့် လျှောက်လွှာတင်ခြင်းတို့ကို နားလည်နိုင်ရန် ပံ့ပိုးသည့် သတင်းအချက်အလက်များ မရှိပါ။ ဤအချက်အလက်များအား ရယူရာ၌ ၎င်းတို့တွင် အဟန့်အတား ကြုံတွေ့ရမှုလည်း ရှိပါသည်။

- ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူ အများအပြားတွင် မသန်စွမ်းမှုအကြောင်းနှင့် ပံ့ပိုးကူညီမှုကို ရယူရန် သင့်တော်သောအချိန်အကြောင်းတို့ကို နားလည်ပုံ အမျိုးမျိုး ရှိကြပါသည်။
- NDIS အကြောင်း နားလည်ရန် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအား ပံ့ပိုးပေးရန်အတွက် ရင်းမြစ်များ (ဘာသာပြန်ဆိုထားမှု အပါအဝင်) ရယူနိုင်မှု အကန့်အသတ် ရှိပါသည်။

## ကြီးမားသောစိန်ခေါ်မှုများ

ဦးစားပေးဆောင်ရွက်ရမည့်နေရာတစ်ခုစီတွင် ဖော်ပြထားသည့် စိန်ခေါ်မှုများသည် နည်းဗျူဟာရှိ ဆောင်ရွက်ချက်များနှင့် ရည်မှန်းချက်များကို ပူးတွဲပုံစံပြုရန် လမ်းညွှန်ပေးခဲ့သည်။

နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ မိသားစုများနှင့် စောင့်ရှောက်သူများသည် NDIS နှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ပြဿနာများနှင့် စိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။

ဤပြဿနာများသည် ယဉ်ကျေးမှုကွဲ လူထုလူတန်းစားများက ကြုံတွေ့ခဲ့သည့်စိန်ခေါ်မှုများကို ထပ်ဆင့်ဖြည့်စွက်ပေးလိုက်သည်။ ဤပြဿနာများအသေးစိတ်ကို နောက်ဆက်တွဲ C တွင် တွေ့နိုင်ပါသည်။

# 4. နည်းဗျူဟာ

နည်းဗျူဟာသည် အောက်ပါ ဦးစားပေးဆောင်ရွက်ရမည့် နေရာများကို ဖြေရှင်းပေးခြင်းအားဖြင့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် ရလဒ်များ ပိုမိုတိုးမြှင့်ပေးနိုင်ရန် ရည်မှန်းပါသည်။

1. အခြေခံ အဆောက်အအုံ
2. ဝန်ထမ်း စွမ်းဆောင်ရည်
3. လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ
4. စျေးကွက်များ
5. အချက်အလက်များ
6. လက်လှမ်းမမှီသည့်နေရာ

နေရာ ၆ နေရာ၏ တစ်ခုစီတွင် ရည်မှန်းချက်များနှင့် လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များ ရှိပါသည်။

- **ရည်မှန်းချက်များ-** NDIA က အောင်မြင်လိုသော ရေရှည် ရလဒ်များဖြစ်သည်။
- **ဆောင်ရွက်ချက်များ-** ရည်မှန်းချက်များ အောင်မြင်ရန် NDIA က လုပ်ဆောင်မည်ဖြစ်သည့် ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

ဆောင်ရွက်ချက် ၂၈ ခုကို သတ်မှတ်ခဲ့ပြီး ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ မိသားစုများနှင့် စောင့်ရှောက်သူများ၊ EAG နှင့် လုပ်ငန်းပိုင်းကဏ္ဍ ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်း၍ အကောင်အထည်ဖော်သွားပါမည်။

ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းအား လမ်းညွှန်ရန် သီးခြား ဆောင်ရွက်ချက်အစီအစဉ် ဖြင့် ဤနည်းဗျူဟာကို ပံ့ပိုးပေးသွားပါမည်။

## 4.1 အခြေခံ အဆောက်အအုံ

အခြေခံ အဆောက်အအုံဆိုသည်မှာ NDIS နှင့် ပူးပေါင်းဆောင်ရွက်သော စနစ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

## ရည်မှန်းချက် ၁

NDIA သည် ပူးတွဲပုံဖော်ထားပြီး သဘောတူညီထားသည့် 'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုတုံ့ပြန်ပေးနိုင်သည့် ဝန်ဆောင်မှု' စကားရပ်တို့၏ အဓိပ္ပါယ်သတ်မှတ်ချက်များကို သုံးစွဲပါသည်။

### ဆောင်ရွက်ချက်များ

1. 'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု' စကားရပ်တို့အား အဓိပ္ပါယ်ဖော်ဆောင်ရန် ယဉ်ကျေးမှုကွဲ မသန်စွမ်းသူ အသိုင်းအဝိုင်း၊ ပူးပေါင်းဆောင်ရွက်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် NDIS ကော်မရှင် တို့နှင့်အတူ ပူးပေါင်းလုပ်ကိုင်ပါ။

## ရည်မှန်းချက် ၂

NDIS မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များသည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် NDIS ကို တန်းတူညီမျှ ရယူခွင့်ရှိစေပြီး အစီအစဉ်များကို အသုံးပြုခွင့် ရှိစေရသည်။

### ဆောင်ရွက်ချက်များ

2. NDIS လုပ်ငန်းသုံး လမ်းညွှန်ချက်များကို ၎င်းတို့မှာ နည်းလမ်းအားလုံးအတွက် လမ်းညွှန်သည် ၊ ယဉ်ကျေးမှုအရ လုံခြုံပြီး၊ ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များ (လုပ်ငန်း ၁ ရလဒ်ကို

အခြေခံ၍) အား အသိအမှတ်ပြုသည်ကိုသေချာစေရန်အတွက် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပါ။

3. ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အစီအစဉ်ရေးဆွဲသူများအနေဖြင့် ၎င်းတို့၏ နားလည်မှုကို ပိုမိုရရှိရန် လမ်းညွှန်ချက်ကို ရေးဆွဲပြီး ပေးထားပါ။ ၎င်းတွင် ပါဝင်သင့်သည်မှာ-

    a. အကယ်၍ ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုမှာ အဟန့်အတားတစ်ရပ်ဖြစ်နေသည့်အခါ အစီအစဉ် အကောင်အထည်ဖော်ရာတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများကို ပံ့ပိုးကူညီမှု
    b. ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် ၎င်းတို့ဘာသာစကားဖြင့် ရေးသားထားသော ရင်းမြစ်များ ရရှိနိုင်မှု
    c. ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအဖို့ လူမှုရေးနှင့် အသိုက်အဝန်းရေးရာများတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးအတွက် ထောက်ပံ့ရန်ပုံငွေ
    d. ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ရယူအသုံးပြုနိုင်သည့် ဆက်သွယ်ရေး နည်းလမ်းများကို ပိုမိုတိုးမြှင့်သုံးစွဲမှု

4. ယဉ်ကျေးမှုအရ သင့်တော်ပြီး အချိန်မီတင်သွင်းနိုင်သည့် နည်းလမ်းဖြင့် NDIS လျှောက်လွှာ တင်သွင်းခြင်းမှတစ်ဆင့် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချလာသူများအား NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများက ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီပေးစေမည့် လမ်းညွှန်ချက်ကို ရေးဆွဲထုတ်ပြန်ပါ။

5. NDIS ကို ရယူသုံးစွဲရန်အတွက် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချသူများအား ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီရန် အစိုးရ အေဂျင်စီရုံးများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ၎င်းတွင် မသန်စွမ်းသူများကို ပိုမို ထိရောက်စွာ ဖော်ထုတ်ပေးစေရန် ကျန်းမာရေး စိစစ်မှုများမှ အချက်အလက်များနှင့် မလာရောက်မီ ဆောင်ရွက်ပြီးစီးခဲ့သည့်အထောက်အကူပြု စာရွက်စာတမ်းများမှ အချက်အလက်များကို အသုံးပြုခြင်း ပါဝင်ပါသည်။

## ရည်မှန်းချက် ၃

ယဉ်ကျေးမှုကွဲ အသိုက်အဝန်းများနှင့် ပါဝင်သုံးစွဲသူများအတွက် NDIS ၏ဆက်သွယ်ရေး လုပ်ငန်းဖြစ်စဉ်များမှာ ယဉ်ကျေးမှုအရ သင့်တော်ပြီး၊ ထိရောက်မှုရှိကာ ပွင့်လင်းမြင်သာမှုရှိပြီး ယုံကြည်မှုကို မြှင့်တင်ပေးပါမည်။

**ဆောင်ရွက်ချက်များ**

6. လုပ်ငန်းဖြစ်စဉ်များနှင့် လမ်းညွှန်ချက်များကို ရေးဆွဲအကောင်အထည်ဖော်ရန် NDIS ကော်မရှင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဤသို့ဖြင့် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအနေဖြင့် ယဉ်ကျေးမှုအရ လုံခြုံပြီး ရယူလွယ်သည့်နည်းလမ်းများဖြင့် သဘောထားမှတ်ချက်တင်ပြရန်အပြင် NDIS ဆုံးဖြတ်ချက်များကို အယူခံဝင်ရန် အထောက်အကူပြုပါမည်။

## 4.2 ဝန်ထမ်း စွမ်းဆောင်ရည်

ဝန်ထမ်း စွမ်းဆောင်ရည်ဆိုသည်မှာ ယဉ်ကျေးမှုအရ လုံခြုံပြီး လိုအပ်သလိုတုံ့ပြန်ပေးနိုင်သည့် ဝန်ဆောင်မှုကို ပါဝင်သုံးစွဲသူများနှင့် မိသားစုများသို့ ဆောင်ရွက်ပေးရန် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများက နားလည်မှုရှိပြီး လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်ကို ဆိုလိုသည်။

## ရည်မှန်းချက် ၄

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများသည် ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များအပြင် ဤလိုအပ်ချက်များက ၎င်းတို့၏ မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုများအား မည်သို့သက်ရောက်မှုရှိနိုင်ကြောင်းကို နားလည်ကြပြီး လိုသလိုတုံ့ပြန်လုပ်ဆောင်ပေးကြသည်။

### ဆောင်ရွက်ချက်များ

7. NDIS ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်သူများအား စဉ်ဆက်မပြတ် ပညာရေးအစီအစဉ် သင်ကြားပို့ချပေးရန်အတွက် ယဉ်ကျေးမှုကွဲ အသိုက်အဝန်းများ၊ အစိုးရအေဂျင်စီရုံးများ (NDIS ကော်မရှင်အပါအဝင်) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဤအစီအစဉ်သည် ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ အသိရှိမှု (စွံအာ၊ စွံ့အမျက်မမြင်၊ နှင့် နားကြားအခက်အခဲရှိသူ အပါအဝင်) နှင့် ယဉ်ကျေးမှုကွဲနောက်ခံများမှလူများနှင့် လုံခြုံ ထိရောက်ပြီး သင့်တော်သည့် အပြန်အလှန် ပြောဆိုဆက်ဆံရေးများ ဆောင်ကျဉ်းပေးရန်စွမ်းရည်ကို တိုးမြှင့်ပေးပါသည်။

8. အဆင့်အားလုံး၌ ကိုယ်စားပြုဆောင်ရွက်ပေးခြင်းကို တိုးမြှင့်ပေးရန် NDIA ရှိ ယဉ်ကျေးမှုကွဲနောက်ခံများမှ လူများ (မသန်စွမ်းသူများအပါအဝင်) အတွက် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးပေးပါ။

## ရည်မှန်းချက် ၅

NDIS ဝန်ထမ်းများသည် ဆက်သွယ်လုပ်ဆောင်မှု အားလုံးတွင် ယဉ်ကျေးမှုအရ လုံခြုံမှုနှင့် စိတ်ဒဏ်ရာသိရှိနားလည်သည့် လုပ်ကိုင်နည်းကို အသုံးချရမည်။

### ဆောင်ရွက်ချက်များ

9. ယဉ်ကျေးမှုအရ လုံခြုံမှု၊ လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးနှင့် စိတ်ဒဏ်ရာသိရှိသည့် လုပ်ကိုင်ပုံကို NDIA လေ့ကျင့်သင်တန်းများတွင် ထည့်သွင်းရေးနှင့်ပတ်သက်၍ ပညာရေးနှင့် လေ့ကျင့်ပေးရေးကို တည်ဆောက်ရန် ယဉ်ကျေးမှုကွဲအသိုက်အဝန်းများ၊ အစိုးရ အေဂျင်စီရုံးများ (NDIS ကော်မရှင် အပါအဝင်) နှင့် အစိုးရ-မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။

10. စကားပြန်များနှင့် အခြား ဘာသာစကား ပံ့ပိုးမှုများအား အသုံးပြုမှုနှင့်ပတ်သက်၍ NDIS နှင့် အပြန်အလှန်ဆက်ဆံဆောင်ရွက်သည့်အခါ ယဉ်ကျေးမှုကွဲနောက်ခံများမှ

မသန်စွမ်းသူများ၏ အတွေ့အကြုံကို ပိုမိုကောင်းမွန်စေရန်အတွက် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများအား လေ့ကျင့်သင်တန်းနှင့် ရင်းမြစ်များ တည်ဆောက်ပေးပြီး သင်ကြားပို့ချပေးပါ။

11. NDIS ဝန်ထမ်းများအတွက် ယဉ်ကျေးမှုအရ လုံခြုံမှုရှိပြီးလူတိုင်းလုပ်နိုင်သည့် လုပ်ငန်းခွင်တစ်ခုကို ဆက်လက်၍ ဖော်ဆောင်ပေးပြီး တိုးတက်ဖွံ့ဖြိုးစေမည့် ယဉ်ကျေးမှုကွဲသူများပါဝင်သည့် စီမံကိန်းနှင့် လုပ်ငန်းအစီစဉ်တစ်ရပ်ကို ထူထောင်ပါ။

12. ဝန်ထမ်းများအား ၎င်းတို့၏ စွမ်းရည်များ တိုးမြှင့်စေရန် သင်ယူမှတ်ယူခြင်းများကို ဝေမျှဖလှယ်ကြသည့် အလေ့အကျင့်ရှိသော အသိုင်းအဝိုင်းတစ်ရပ်ကို တည်ထောင်ပါ၊ သို့မှသာ ၎င်းတို့အနေဖြင့် စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားအကြား အခက်အခဲရှိသည့် လူထုလူတန်းစားများအား ပိုမိုကောင်းမွန်စွာ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ ဤအဖွဲ့အစုတွင် လက်ဟန်ပြစကားပြောဆိုနည်း ကျွမ်းကျင်သော NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ ပါဝင်ပါမည်။ ဤသို့ဖြင့် ဆက်သွယ်ဆောင်ရွက်ရေး အခွင့်အလမ်းများအတွက် လမ်းညွှန်ချက်များ၊ လုပ်ငန်းဖြစ်စဉ်များနှင့် ပံ့ပိုးမှုတို့မှတစ်ဆင့် ရယူသုံးစွဲနိုင်မှုကို မြှင့်တင်ပေးပါမည်။

## 4.3 လွယ်ကူသည့် ဆက်သွယ်နည်းများ

လွယ်ကူသည့် ဆက်သွယ်နည်းများဆိုသည်မှာ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ၎င်းတို့၏မိသားစုများနှင့် စောင့်ရှောက်သူများ၏ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို လိုက်လျောနိုင်သည့် နည်းလမ်းများဖြင့် NDIS က အချက်အလက်များကို ဝေမျှဖြန့်ချီခြင်းကို ဆိုလိုသည်။

## ရည်မှန်းချက် ၆

ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများနှင့် ပါဝင်သုံးစွဲသူများအတွက် ထိရောက်သော ဆက်သွယ်ရေး လမ်းကြောင်းများကို NDIS က ဖော်ထုတ်ပြီး သုံးစွဲရမည်။

**ဆောင်ရွက်ချက်များ**

13. ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများနှင့် ထိရောက်စွာ ဆက်သွယ်ပုံနှင့် ပတ်သက်၍ လမ်းညွှန်ချက်များ ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများ၊ NDIS ကော်မရှင်နှင့် လုပ်ငန်းနယ်ပယ်ကဏ္ဍတို့နှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ၎င်းတွင် ဗီဒီယို၊ အသံနှင့် ပုံနှိပ်ထုတ်ဝေမှုကဲ့သို့ ၎င်းတို့၏ ဘာသာစကားဖြင့် သတင်းအချက်အလက်များ ပါဝင်သည်။

14. ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများအတွက် ရယူသုံးစွဲရေးနှင့် ဆက်သွယ်ရေး တိုးမြှင့်ကောင်းမွန်စေရန် NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာတင်ခြင်း၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပေးပါ။ ၎င်းတွင် ၎င်းတို့ဘာသာစကားဖြင့် အချက်အလက်များ အသုံးပြုခြင်းနှင့် ထိုသို့ မရရှိနိုင်သည့်အခါ ၎င်းတို့ဘာသာစကားဖြင့် အကူအညီ ရယူပေးခြင်းတို့ ပါဝင်သည်။

15. ဘာသာစကားဖြင့် လမ်းညွှန်ချက်များကို ရေးဆွဲရန်၊ ထုတ်ပြန်ရန်နှင့် အကောင်အထည် ဖော်ရန်အတွက် ယဉ်ကျေးမှုကွဲလူထု၊ NDIS ကော်မရှင်နှင့် လုပ်ငန်းပိုင်းကဏ္ဍတို့နှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် လမ်းညွှန်ချက်များသည် NDIS အချက်အလက်များကို မည်သည့်ဘာသာစကားများဖြင့် ဘာသာပြန်ဆိုသင့်သည်ကို ဖော်ပြသင့်သည်။

# ရည်မှန်းချက် ၇

ယဉ်ကျေးမှုကွဲလူထုနှင့် ဝန်ဆောင်မှုပေးသူများသည် စကားပြန်လုပ်ငန်းများကို သိရှိကြပြီး ရယူသုံးစွဲနိုင်ရမည့်အပြင် ၎င်းဝန်ဆောင်မှုများနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောအတွေ့အကြုံ ရှိရမည်။

**ဆောင်ရွက်ချက်များ**

16. NDIS ၏ သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများကို ပိုမိုကောင်းမွန်အောင် နားလည်ရန်နှင့် ဆက်သွယ်ပြောဆိုရန် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) တို့အား ပံ့ပိုးပေးရန်အတွက် ၎င်းတို့ဘာသာစကားဖြင့် NDIS-သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများ၏ ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်သတ်မှတ်ချက်များကို ထုထောင်ပြီး ထုတ်ပြန်ပေးပါ။

17. ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) ကို ရယူအသုံးပြုနိုင်ပုံနှင့် TIS စကားပြန်များ မရရှိနိုင်သည့်အခါ အခြားစကားပြန်များကို မည်သို့ရယူသုံးနိုင်ပုံကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ဝန်ဆောင်မှုပေးသူများအတွက် အလွယ်ရယူနိုင်သည့် အချက်အလက်များကို တည်ထောင်ပြီး ပေးကမ်းပါ။

18. အချိန်ကြာရှည်မည့် စည်းဝေးပွဲများ၊ နှစ်သက်သည့် သို့မဟုတ် လိုအပ်သည့် စကားပြန်များနှင့် လူကိုယ်တိုင် စကားပြန် ဝန်ဆောင်မှုများအတွက် နည်းလမ်းများ အပါအဝင် ဆက်သွယ်ရေးနည်းများကိုတိုးမြှင့်ပေးရန်အတွက် စကားပြန်များ (လက်ဟန်ပြ အော်စလန်အပါအဝင်) ပါဝင်သည့် NDIS စည်းဝေးပွဲ လုပ်ငန်းဖြစ်စဉ်များကို ပြန်လည်သုံးသပ်ပါ၊ အသစ်ပြင်ဆင်ပေးပါ။

## 4.4 ဈေးကွက်များ

ဈေးကွက်များဟုဆိုရာ၌ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ လျော်ကန်သင့်မြတ်သည့် NDIS ဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် ဖြန့်ဖြူးရေးကို တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။ ၎င်းတွင် ယဉ်ကျေးမှုအရ လုံခြုံ၊ သင့်မြတ်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုပေးသူများကို ရှာဖွေရန်အတွက် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအား ပိုမိုကောင်းမွန်သည့် ပံ့ပိုးကူညီမှု ပေးအပ်ခြင်း ပါဝင်သည်။

## ရည်မှန်းချက် ၈

NDIS အသုံးပြုခြင်းနှင့် ယဉ်ကျေးမှုအရ လုံခြုံ၊ လျော်ကန်သင့်မြတ်သည့် ဝန်ဆောင်မှုများရယူခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများသို့ ထိရောက်စွာ ပေးကမ်းပါ။

**ဆောင်ရွက်ချက်များ**

19. အချက်အလက်များ စုဆောင်းပြီး NDIS ဝန်ဆောင်မှုပေးသူများသို့ ဝေမျှပေးကမ်းရန်အတွက် NDIS ကော်မရှင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဝန်ဆောင်မှုပေးသူများနှင့် ၎င်းတို့၏ ဒေသခံ လူထုအပေါ် နားလည်မှု ပိုရရန် ဆက်သွယ်လုပ်ဆောင်ပါ။ ယဉ်ကျေးမှုကွဲလူထုသို့ ယဉ်ကျေးမှုအရ လုံခြုံ သင့်တော်သည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် ၎င်းတို့ထံမှ မျှော်လင့်ထားသည့်အရာကို ရှင်းလင်းပြောပြပါ။

20. ရွေးချယ်မှုနှင့် ထိန်းချုပ်မှုနှင့်ပတ်သက်၍ အသိရှိမှု မြှင့်တင်ပေးရန် စည်းရုံးလှုံ့ဆော်မှု ဖြန့်ချီရေးနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ရေးတစ်ရပ် တည်ဆောက်ပေးရန် NDIS ကော်မရှင်နှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ၎င်းတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် ဝန်ဆောင်မှုပေးသူများကို ရွေးချယ်ပုံ၊ ဝန်ဆောင်မှုပေးသူများကို ပြောင်းလဲပုံ၊ ကာကွယ်မှုများကို တည်ဆောက်ပုံနှင့် မကျေနပ်ချက် တိုင်တန်းပုံတို့ ပါဝင်သည်။

21. ဝန်ဆောင်မှုပေးသူများအနေဖြင့် လိုက်နာရန်လိုအပ်သည့် အနည်းဆုံး လုပ်ငန်းစံနှုန်းများ အပြင် ယဉ်ကျေးမှုအရ သင့်တော်သော ဝန်ဆောင်မှုများမှာ မည်သို့ရှိသည်ကို ဖော်ပြထားသည့် အရည်အသွေး တိုင်းထွာချက်များကိုလည်း ဖော်ဆောင်ရန် NDIS ကော်မရှင်နှင့် ဆက်သွယ်လုပ်ဆောင်ပါ။ လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက်များကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသို့ ရှင်းရှင်းလင်းလင်း ပေးကမ်းပါ။

## ရည်မှန်းချက် ၉

ယဉ်ကျေးမှုအရ သင့်တော် လိုက်ဖက် လုံခြုံသည့်အရည်အသွေးရှိသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် NDIS ဝန်ဆောင်မှုပေးသူများ ပိုမိုရှိနေပါသည်။

### ဆောင်ရွက်ချက်များ

22. မသန်စွမ်းသူအတွက် ပံ့ပိုးကူညီမှုများ (ပံ့ပိုးကူညီမှု ညှိနှိုင်းဆောင်ရွက်ပေးသူနှင့် တိုက်ရိုက်စောင့်ရှောက်မှု အပါအဝင်) ဆောင်ရွက်ပေးရာ၌ ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အဟန့်အတားများကို ဖော်ထုတ်ပါ။ ဤအဟန့်အတားများကို ဖြေရှင်းပေးရန် အစိုးရ အေဂျင်စီရုံးများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့နှင့်ပူးပေါင်းလုပ်ဆောင်ပါ။

23. NDIS နှင့် မသန်စွမ်းသူ အခွင့်အရေးများကို နားလည်သည့် နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်နှင့် စကားပြန် အောင်လက်မှတ် အပ်နှင်းရေး အာဏာပိုင် (NAATI) မှ အသိအမှတ်ပြုထားသော စကားပြန်အရေအတွက် မည်သို့ပိုမိုတိုးမြှင့်လာရမည်နှင့်ပတ်သက်၍ အစိုးရ အေဂျင်စီရုံးများနှင့် အခြားသော ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။

## 4.5 အချက်အလက်များ

အချက်အလက်များဟုဆိုရာ၌ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် မိသားစုများကို ပိုမိုကောင်းမွန်စွာ နားလည်ရန်၊ ဝန်ဆောင်မှုများကို တိုးမြှင့်အောင်လုပ်ပေးရန်နှင့် NDIS အပေါ် သက်ရောက်မှုကို နားလည်ရန်တို့အတွက် NDIA က အချက်အလက်များကို ကောက်ခံခြင်းနှင့် သုံးစွဲခြင်းဖြစ်သည်။

## ရည်မှန်းချက် ၁၀

NDIA သည် တိကျပြီး အသုံးဝင်သော အချက်အလက်များ စုဆောင်းရန် ပံ့ပိုးသည့် ပူးပေါင်း ပုံဖော်ထားကာ သဘောတူညီခဲ့သော 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို အသုံးပြုပါသည်။

**ဆောင်ရွက်ချက်များ**

24. ယဉ်ကျေးမှုနှင့် ဘာသာစကား အတိမ်းအစောင်းများကို နားလည်သိရှိသည့် ပိုမိုလက်ခံနိုင်သော 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို သတ်မှတ်ပေးရန်နှင့် ထုတ်ပြန်ပေးရန် ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများနှင့်အစိုးရ အေဂျင်စီရုံးများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ဤအဓိပ္ပါယ်သတ်မှတ်ချက်နှင့်အညီ NDIA ၏ အချက်အလက် ကောက်ခံခြင်းနည်းလမ်းများကို ပြင်ဆင်ပါ။

## ရည်မှန်းချက် ၁၁

အချက်အလက်နှင့် အထောက်အထားကို အခြေခံသော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအဖို့ ဝန်ဆောင်မှုများ၊ ကြုံတွေ့မှုများနှင့် ရလဒ်များ တိုးမြှင့်စေရန် NDIA နှင့် ပါဝင်ပတ်သက်သူများက အသုံးချရမည်။

**ဆောင်ရွက်ချက်များ**

25. NDIA ဝန်ထမ်းများ၊ပူးပေါင်းဆောင်ရွက်သူများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့က ပိုမိုကောင်းမွန်သည့် အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ယဉ်ကျေးမှုကွဲနောက်ခံများမှ ပါဝင်သုံးစွဲသူများနှင့်ပတ်သက်၍ သုတေသနပြုပါ၊ ဖော်ထုတ်ပါနှင့် ထုတ်ပြန်ပါ။

## 4.6 လက်လှမ်းမမှီနေရာ

လက်လှမ်းမမှီနေရာဟုဆိုရာ၌ NDIA အနေဖြင့် ယခင် ကောင်းမွန်စွာ ဆက်သွယ်ဆောင်ရွက်ခြင်း မရှိခဲ့သည့် လူများနှင့် လူထုလူတန်းစားများအား ပညာပေးရန်နှင့် ချိတ်ဆက်ရန်အတွက် ပစ်မှတ်ထားသည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို တည်ဆောက်ပေးခြင်းဖြစ်သည်။

## ရည်မှန်းချက် ၁၂

ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းအတွင်း NDIS နှင့် မသန်စွမ်းမှုကို ပိုမိုကျယ်ပြန့်သည့် အသိရှိမှုနှင့် နားလည်မှု ရှိစေရမည်။ ၎င်းတွင် NDIS ရယူရေးအပေါ် အဟန့်အတားတစ်ခုအဖြစ် မသန်စွမ်းမှုနှင့်ပတ်သက်၍ NDIS ရခွင့်သတ်မှတ်ချက်၊ လျှောက်လွှာ လုပ်ငန်းဖြစ်စဉ်နှင့် အယူသည်းမှုအလားအလာတို့ ပါဝင်သည်။

### ဆောင်ရွက်ချက်များ

26. ပစ်မှတ်ထားသည့် ယဉ်ကျေးမှုကွဲ လူမှုလူတန်းစားများတွင် NDIS နှင့် မသန်စွမ်းမှုဆိုင်ရာ အခွင့်အရေးများကို အသိရှိမှုမြှင့်တင်ပေးရန်အတွက် နည်းဗျူဟာရေးဆွဲရန်နှင့် မသန်စွမ်းမှုနှင့်ပတ်သက်ပြီး အယူသည်းမှုအလားအလာကို ဖြေရှင်းပေးရန် NDIS ကော်မရှင်နှင့် ယဉ်ကျေးမှုကွဲလူတန်းစားနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ဘာသာစကားဖြင့် ရရှိနိုင်သော သတင်းအချက်အလက်များဖြင့် ဆက်သွယ်လုပ်ဆောင်မည့် လမ်းကြောင်း အမျိုးမျိုး အမြောက်အမြားကို အသုံးပြုသင့်သည်။

27. ပစ်မှတ်ထားသည့် ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများတွင် NDIS (ရထိုက်ခွင့် အပါအဝင်) အသိရှိမှုမြှင့်တင်ပေးရန်နှင့် မသန်စွမ်းမှုနှင့်ပတ်သက်၍ အယူသည်းမှုကို လျှော့ချရန် လူမှုအဖွဲ့အစည်းများထံမှ လုပ်ဆောင်ချက်များကို ဖော်ထုတ်၊ တည်ဆောက်ကာ ပံ့ပိုးကူညီပါ။ ဤလုပ်ဆောင်ချက်များကို တိုးမြှင့်ပေးရန်နှင့် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများအနေဖြင့် မည်သို့ ပါဝင်ပတ်သက်ပြီး ထောက်ကူပြုနိုင်ပုံနှင့် ပတ်သက်၍ လမ်းညွှန်ချက် ချမှတ်ပေးရန် လုပ်ငန်းပိုင်းကဏ္ဍသို့ ရှင်းလင်းသော ဆက်သွယ်ရေးကို ထူထောင်ပါ။

28. ပံ့မှန်ဖြန့်ချိပေးနေသည့် ဝန်ဆောင်မှုများ၏ စွမ်းရည်များ (အထွေထွေရောဂါကု ဆရာဝန်များ၊ ဆေးဘက်အကူ ပညာရှင်များနှင့် အထူးကျွမ်းကျင်သူများကဲ့သို့ ကျန်းမာရေး ပညာရှင်များ အပါအဝင်) ကို တည်ဆောက်ပေးရန် အဖွဲ့အစည်းများနှင့် ဦးဆောင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ NDIS ရယူရန်နှင့် သုံးစွဲရန်

ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများကို မည်သို့ပံ့ပိုးပေးပုံအား အလေးထားအာရုံစိုက်ခြင်း။

# 5. နောက်အဆင့်များ

ဤနည်းဗျူဟာသည် ၂၀၂၄ ခုနှစ် နှစ်ဆန်းမှ ၂၀၂၈ ခုနှစ်အထိ သက်တမ်းရှိနေပါလိမ့်မည်။ ဆောင်ရွက်ရမည့် အစီစဉ်ကို စီမံကိန်းနှင့် ဒွန်တွဲ၍ အသုံးပြုရန်ဖြစ်ပါသည်။ ၎င်းက ဖော်ပြထားသည်မှာ-

- ဆောင်ရွက်ချက် တစ်ခုစီကို လုပ်ဆောင်ပုံ
- ဆောင်ရွက်ချက် တစ်ခုစီအတွက် အချိန်အတိုင်းအတာ
- ဆောင်ရွက်ချက် တစ်ခုစီ၏ ရလဒ်များ
- တိုးတက်မှုအခြေအနေကို စောင့်ကြည့်ပြီး အကဲဖြတ်ရန် တိုင်းထွာချက်များ

ပထမအကြိမ် နှစ်စဉ် တိုးတက်မှုအခြေအနေပြ အစီရင်ခံစာကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထုတ်ပြန်ပေးပါမည်။ ၎င်းတွင် နည်းဗျူဟာ၏ ဆောင်ရွက်ချက်များနှင့် ရလဒ်များကို အောင်မြင်ရန် အတွက် လုပ်ဆောင်ခဲ့သည့် တိုးတက်မှုအခြေအနေကို ဖော်ပြပါမည်။ ဤလုပ်ငန်းဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် NDIA သည် EAG နှင့် အခြားသော ပါဝင်ပတ်သက်သူများထံမှ သဘောထားမှတ်ချက် တောင်းခံပါလိမ့်မည်။

အချိန်ကာလတစ်လျှောက် သဘောထားမှတ်ချက်ကို နားဆင်ခြင်းနှင့် မှတ်သားနာယူခြင်း ဆိုလိုသည်မှာ NDIA အနေဖြင့် ပြောင်းလဲမှုများနှင့် မသန်စွမ်းမှုနှင့် ယဉ်ကျေးမှုကွဲ လုပ်ငန်းပိုင်းကဏ္ဍမှ သဘောထားမှတ်ချက်အပေါ် တုံ့ပြန်ပေးခြင်းအားဖြင့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ လိုအပ်ချက်များကို ဆက်လက်၍လိုက်လျောပေးနိုင်ပါသည်။

နည်းဗျူဟာ၏ စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်များသည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် ရလဒ်များကို NDIS က မည်သို့ပိုမို ကောင်းမွန်အောင်လုပ်ပေးကြောင်းဖော်ပြထားမည့်အပြင် တိုးတက်အောင်လုပ်ပေးရမည့် နေရာများကို ဖော်ထုတ်သတ်မှတ်ပေးပါမည်။

NDIA သည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုများနှင့် စောင့်ရှောက်သူများ၊ ဦးဆောင် အဖွဲ့အစည်းများ၊ မသန်စွမ်းမှု ကိုယ်စားပြုအဖွဲ့အစည်းများ၊ နှင့် ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း လုပ်ဆောင်သွားရန် တာဝန်ယူထားပါသည်။ နည်းဗျူဟာ အနေဖြင့် ယဉ်ကျေးမှုကွဲ လူမှုလူတန်းစားများနှင့် မသန်စွမ်းသူများအပြင် ယဉ်ကျေးမှုကွဲ လုပ်ငန်းပိုင်းကဏ္ဍတို့၏ လိုအပ်ချက်များကို အနာဂတ်ကာလ၌ ဖြည့်စွမ်းပေးနိုင်မည်ဟု သေချာအောင် NDIA သည် ဆောင်ရွက်သွားပါမည်။

# 6. နောက်ဆက်တွဲ A

## ပြင်ပ အတိုင်ပင်ခံ အုပ်စု အဖွဲ့ဝင် စာရင်း (အဖွဲ့အစည်း အလိုက်)

- တိုင်းရင်းလူမျိုးလူထုလူတန်းစားအတွင်း မသန်စွမ်းသူအတွက် ဆောင်ရွက်ချက်
- Amparo Advocacy Inc
- Canberra Multicultural Community Forum
- Disability Advocacy Network Australia
- Deaf Australia
- Disability Rights Advocacy Service
- Cultura (previously Diversitat)
- Diversity and Disability Alliance
- Ethnic Communities' Council of Victoria
- Ethnic Communities Services Co-operative
- Federation of Ethnic Communities' Council of Australia
- Griffith University
- Inclusion Australia
- Independent Advisory Council to the NDIA
- Kin
- Mental Health Australia
- Migrant Resource Centre Launceston
- Migrant Resource Centre North-West
- Multicultural Council of the Northern Territory
- Multicultural Disability Advocacy Association of NSW
- Multicultural Youth Advocacy Network/s – Youth Disability CaLD Collective
- National Disability Insurance Agency

- NDIS Quality and Safeguards Commission
- National Ethnic Disability Alliance
- NSW Refugee Health Service
- ပါဝင်သူ၊ မိသားစုနှင့် စောင့်ရှောက်သူအဖြစ် အဆိုပြုခံရသူ
- People with Disability Australia
- Settlement Council of Australia
- Settlement Services International
- Speak My Language
- SydWest Multicultural Services
- TASC National
- The University of Sydney
- Women with Disabilities Australia

# 7. နောက်ဆက်တွဲ B

## ဆက်သွယ်ချက် အကျဉ်းချုပ်

NDIA သည် အောက်ပါနယ်မြေများမှ ယဉ်ကျေးမှု နောက်ခံများရှိကြသူအဖြစ် တွေ့ရှိရသည့် လူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်-

- အမေရိကတိုက် အလယ်ပိုင်း
- တောင် အမေရိကတိုက်
- ကရီးဘီးယမ်းကျွန်းများ
- ဥရောပတိုက် – မြောက်
- ဥရောပတိုက် – အလယ်ပိုင်း
- ဥရောပတိုက် – အရှေ့
- အာဖရိက – မြောက်
- အာရှ – အရှေ့မြောက်
- အာရှ – အလယ်ပိုင်း
- အာရှ – တောင်
- အာရှ – အရှေ့တောင်
- အာရှ – အနောက်
- ပစိဖိတ် ကျွန်းများ

NDIA သည် အောက်ပါ ဘာသာစကားနောက်ခံအဖြစ် တွေ့ရှိရသူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်-

- အင်္ဂလိပ်
- အာရပ်
- တဂလောက်

- တမီးလ်
- ဂျပန်
- ဘင်္ဂလီ
- ရုရှား
- ပြင်သစ်
- ဂျမန်
- ကင်တိုနိစ်
- ဗီယက်နမ်
- မင်ဒရင်း
- ဟောက်ကရင်
- ဘာဟာဆာ မလေး

NDIA သည် အောက်ပါ လူထုလူတန်းစားတွင် ပါဝင်နေသူများအဖြစ် တွေ့ရှိရသည့် လူပုဂ္ဂိုလ်များနှင့် အုပ်စုများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်-

- တရုတ်လူထုလူတန်းစားအုပ်စု
- ယဉ်ကျေးမှုစုံ ရောနှောနေသည့် အုပ်စုများ
- လိင်ဝန်ထမ်း အုပ်စု လုပ်ငန်းကဏ္ဍ (ယဉ်ကျေးမှုကွဲ လူတန်းစား အမျိုးမျိုးမှ)
- အာရပ် လူတန်းစား အုပ်စု
- ဗီယက်နမ် စောင့်ရှောက်သူ အုပ်စု
- အာဖဂန် လူတန်းစား အုပ်စု
- နီပေါ လူသားချင်းစာနာသောရှုထောင့်မှ ရွှေ့ပြောင်းအခြေချလာသူများ
- ယဉ်ကျေးမှုကွဲ လူငယ်အုပ်စု
- အဇီးဒီ (ယဇေဒီ) ဒုက္ခသည် လူတန်းစား အုပ်စု
- ပန်ချာပီ လူတန်းစား အုပ်စု

- ဟင်ဒူ လူတန်းစား အုပ်စု
- စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားကြားအခက်ခဲရှိသူ လူတန်းစားအုပ်စု

NDIA သည် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများဖြင့် ပါဝင်ပတ်သက်သူအဖြစ် အောက်ပါ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်-

- Access Community Services Limited (Access)
- Access Plus WA Deaf
- Active Refugee and Migrant Integration in Australia
- Amparo Advocacy Inc
- Australia Refugee Association
- Australian Migrant Resource Centre
- Centacare
- Community Access and Services SA
- Deaf Connect
- Deafblind Western Australians
- Ethnic Communities' Council of NSW Incorporated
- Fortify Health Group
- Multicultural Communities Council of SA
- Multicultural Australia
- National Care Society
- Queensland Program of Assistance to Survivors of Torture and Trauma
- Foundation House (The Victorian Foundation for Survivors of Torture Inc)
- Western Australian Association of the Deaf Inc.
- World Wellness Group

# ၈. နောက်ဆက်တွဲ C

## ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ချက်များနှင့် ပြဿနာများ

နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်တွင် ပူးတွဲပုံစံပြု လုပ်ငန်းဖြစ်စဉ်၌ တွေ့ရှိဖော်ထုတ်ခဲ့သည့် ဦးစားပေးဆောင်ရွက်ရမည့် နေရာ ၆ ခုကို ဖြေရှင်းပေးသည်။ အခန်း ၃ တွင် ဤဦးစားပေးဆောင်ရွက်ရမည့် နေရာရှိ အဓိကစိန်ခေါ်မှုများကို သတ်မှတ်ပေးထားသည်။

ထပ်ဆင့် နောက်ထပ် သုံးသပ်ချက်များနှင့် အခက်အခဲစိန်ခေါ်မှုများကို နည်းဗျူဟာနှင့် လုပ်ရမည့် အစီစဉ် ရေးဆွဲစဉ်တစ်လျှောက်လုံးတွင် တင်ပြခဲ့ပါသည်။ ဤသုံးသပ်ချက်များနှင့် စိန်ခေါ်မှုများသည် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ၎င်းတို့၏ မိသားစုများနှင့် စောင့်ရှောက်သူများက NDIS ရယူပုံနည်းလမ်းနှင့် သုံးစွဲပုံနည်းလမ်းအပေါ် သက်ရောက်မှုရှိပါသည်။ ၎င်းတို့ကို (၂၀၂၃) NDIS ပြန်လည်သုံးသပ်မှုလုပ်စဉ်အတွင်း ပါဝင်သုံးစွဲသူများနှင့် ပြောဆိုရာ၌လည်း ကြားသိခဲ့ကြပါသည်။

ဤနည်းဗျူဟာဖြင့် ဖြေရှင်းမပေးခဲ့ရသော်လည်း အောက်ဖော်ပြပါ ထိုးထွင်းအမြင်ရှိမှုများအားဖြင့် အနာဂတ်တွင် ဆောင်ရွက်ရမည့်အလုပ်ကို သတိထားလုပ်ရန်မျှော်လင့်နိုင်ပြီး NDIA အနေဖြင့် မသန်စွမ်းသူများနှင့် ဆက်သွယ်လုပ်ဆောင်ပုံကို တိုးမြှင့်ပေးရန် မျှော်လင့်ရပါသည်။

- **NDIS လျှောက်ထားခြင်း**- လျှောက်လွှာတင်သွင်းခြင်း လုပ်ငန်းဖြစ်စဉ်တွင် အဆင့်အများအပြားရှိကြပြီး ရှုပ်ထွေးပါသည်။ လိုအပ်သည့် အထောက်အထားကို နားလည်ရန်နှင့် စုဆောင်းရန်အတွက်လည်း အခက်အခဲစိန်ခေါ်မှုများ ရှိနေသည်။ ဤသို့ဖြင့် အချက်အလက်ရရာ ဇာစ်မြစ်မျိုးစုံ စုပေါင်းနေပြီး ကျန်းမာရေးနှင့် မသန်စွမ်းမှု လုပ်ငန်းပိုင်းကဏ္ဍများအကြား သဟဇာတမညီမညွတ် ဖြစ်စေပါသည်။
- **မည်သူဖြစ်ကြောင်းအသုံးအနှုန်းရှုပ်ထွေးမှု**- ယဉ်ကျေးမှုကွဲ လူထုလူတန်းစားမှလူများ ကြုံတွေ့မှုများကို လိင်ဖော်ဆောင်မှုကိစ္စ၊ လိင်ပိုင်းတိမ်းညွှတ်မှု၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် လူထုလူတန်းစား နောက်ခံ စသဖြင့် ၎င်းတို့၏ မည်သူမည်ဝါဖြစ်ကြောင်းကို ပုံဖော်သည့် အကြောင်းခံ မျိုးစုံကြောင့် သက်ရောက်မှုရှိပါသည်။ ဤမည်သူဖြစ်ကြောင်း

အသုံးအနှုန်းရှုပ်ထွေးမှုကြောင့် NDIS ဝန်ထမ်းများ၊ လုပ်ငန်းဖြစ်စဉ်များနှင့် စနစ်များထံမှ တစ်ဦးချင်းအလိုက် ပံ့ပိုးကူညီမှုနှင့် လိုသလိုတုံ့ပြန်ပေးမှု လိုအပ်ပါသည်။

- **ဝန်ဆောင်မှုပေးသူ အရည်အသွေး**- မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည်အသွေးမှာ တစ်သမတ်တည်း မရှိကြသည့်အပြင် NDIA အဖို့ မှတ်ပုံမတင်ထားသည့် ဝန်ဆောင်မှုပေးသူများကြောင့် အရည်အသွေးကို တိုင်းထွာစောင့်ကြည့်ရန်နှင့် ပါဝင်သုံးစွဲသူ ကြုံတွေ့မှုကို ကာကွယ်ထိန်းသိမ်းပေးရန် စွမ်းရည်နည်းပါးမှုကို ကြုံရပါသည်။
- **ဝန်ဆောင်မှုပေးသူ ပြိုင်ဆိုင်မှု**- ပြိုင်ဆိုင်မှုမရှိသည့် ဈေးကွက်များ သို့မဟုတ် ပြိုင်ဆိုင်မှု မရှိသည့် ဝန်ဆောင်မှုပေးသူ၏ လုပ်ငန်းလုပ်ဆောင်မှုသည် ပါဝင်သုံးစွဲသူများအဖို့ ဝန်ဆောင်မှုပေးသူ တစ်ဦးတည်းကို မျိုးစုံသော ပံ့ပိုးမှုအလုပ်များအတွက် အသုံးပြုရနိုင်သည်။ ဤသို့ဖြင့် အကျိုးလိုလားမှုဆိုင်ရာ ပဋိပက္ခဖြစ်လာနိုင်ပြီး ပါဝင်သုံးစွဲသူများအဖို့ ရွေးချယ်ရန်နှင့်ထိန်းချုပ်ရန် လုပ်ပိုင်ခွင့်လျှော့ကျသွားနိုင်ပါသည်။
- **အစိုးရ အေဂျင်စီရုံးများအကြား ပူးပေါင်းလုပ်ဆောင်မှု နည်းပါးခြင်း**- လိုအပ်သော ပံ့ပိုးကူညီမှု (ဥပမာ အင်္ဂလိပ်စာ ကျွမ်းကျင်မှုများ မြှင့်တင်ပေးရန်) ကိုဖော်ထုတ်ပေးရန်နှင့် ဆောင်ရွက်ပေးရန် ပူးပေါင်းလုပ်ဆောင်မှု ပိုမိုလိုအပ်ပါသည်။
- **ကျန်းမာရေး ဝန်ဆောင်ပေးသူများ အကန့်အသတ်ရှိခြင်း**- တောင်းဆိုသည့် ပုံစံများ ရယူခြင်းနှင့်ပတ်သက်၍ လူများအား သင့်တော်သလို မည်သို့ပံ့ပိုးပေးရမည်ကို ကျန်းမာရေး ပညာရှင်များ (အထွေထွေရောဂါကု ဆရာဝန်များ) ဗဟုသုတကျွမ်းကျင်မှု နည်းပါးသည့် အပြင် ၎င်းတို့၏ ဗဟုသုတကို မြှင့်တင်ပေးရန် ပံ့ပိုးမှုများ နည်းပါးသည်။
- **အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစုအကြမ်းဖက်မှု ကြုံတွေ့မှု**- အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစုအကြမ်းဖက်မှုသည် NDIS ပံ့ပိုးကူညီမှုများကို ရယူသည့်အခါနှင့် သုံးစွဲသည့်အခါ ထပ်ဆင့်အပို အတားအဆီးများ ဖြစ်ပွားစေသည်။

# National Disability Insurance Agency

ndis.gov.au

တယ်လီဖုန်း ၁၈၀၀ ၈၀၀ ၁၁၀

Webchat ndis.gov.au

ကျွန်တော်တို့၏ လူမှုမီဒီယာများအား စောင့်ကြည့်ပါ

Facebook, Twitter, Instagram, YouTube, LinkedIn

**အင်္ဂလိပ်စာ အကူအညီလိုအပ်သူများအတွက်**

**TIS:** ၁၃၁ ၄၅၀

**နားမကြားသူများ သို့မဟုတ် နားကြားအခက်အခဲရှိသူများအတွက်**

**TTY:** ၁၈၀၀ ၅၅၅ ၆၇၇

**အသံ တစ်ဆင့်ခံ** ၁၈၀၀ ၅၅၅ ၇၂၇

**အမျိုးသား တစ်ဆင့်ခံ ဝန်ဆောင်မှု- (National Relay Service):** relayservice.gov.au